မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဧလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနှံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၁)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မိမိတို့အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ဆောင်ရွက်သွားနိုင်သည်များကို လေ့လာသုံးသပ်ဆန်းစစ်အဖြေရှာဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်



နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင်လ ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြိုးနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ⇨

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)

ဆောင်းပါး စာ - ၁၁ သို့

သတိထားရမည့် မိုးရာသီတွင် ဖြစ်တတ်သောရောဂါများ

ကျန်းမာရေးဆောင်းပါး စာ - ၂၆ သို့

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

စာ - ၁၄ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၈ ရက်)

အသိ၊ သတိဖြင့်ထိန်းချုပ်၍ တာဝန်ကိုကျေပွန်စွာထမ်းဆောင်

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူများတစ်ခဲနက် ရွေးချယ်တင်မြှောက်ထားသည့် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်သည်။ ပြည်သူများက ရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်၍ ပြည်သူများ၏ကိုယ်စား နိုင်ငံ့အကျိုးကိုထမ်းဆောင်ကြရမည့်၊ ပြည်သူတို့၏အကျိုးကိုဖော်ဆောင်ကြရမည့်အစိုးရဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

ပြည်သူများကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုံခြုံရေးစစ်ဆေးကြပ်မတ်ခြင်းများဆောင်ရွက်နေသည်များရှိရာ ထိုသို့ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးပိုင်းဆိုင်ရာအရ စစ်ဆေးကြပ်မတ်ခြင်းသာဖြစ်ရန်လိုပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လိုသည်။

လုံခြုံရေးအရ တရားမဝင်ကုန်စည်စီးဆင်းမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့အရ စစ်ဆေးခြင်းများ ဆောင်ရွက်ရသည်မှာ မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စဖြစ်သည်။ တရားမဝင်ငွေကြေးကောက်ခံခြင်းများ မဖြစ်ရန် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့်စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လစာနှုန်းထားနှင့် ထောက်ပံ့ကြေးများကိုပေးထားပြီးဖြစ်၍ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့် အာဏာများကို မလျော်မညီအသုံးချ၍ မပြုလုပ်ကြရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၉ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကိုလိုလားမှုဖြင့် လုံခြုံရေးဆောင်ရွက်နေသူများ၊ နိုင်ငံ့ဝန်ထမ်းများကိုငွေကြေးပေးလာဘ်ထိုးခြင်းများဖြင့် မဖျက်ဆီးကြရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို မလျော်ညီစွာအသုံးပြုခြင်းတို့ဖြင့် အားကောင်းသော နိုင်ငံတော်အစိုးရတစ်ရပ်၏ပုံရိပ်ကို ထိခိုက်ကျဆင်းစေပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းမှုရှိစေရေးဆောင်ရွက်သွားကြရန်နှင့် ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကွပ်ကဲကြပ်မတ်သွားကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကိုတည်ငြိမ်ဖွံ့ဖြိုးတိုးတက်သာယာစေရန်၊ ဘက်စုံထောင့်စုံကဏ္ဍစုံတိုးတက်စေရန် အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်တွင် အနောင့်အယှက်အဖျက်အဆီးမှာ အဂတိလိုက်စားမှုဖြစ်သည်။ အဂတိကင်းစင်ပပျောက်မှသာ နိုင်ငံ့စီးပွားရေးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ အဂတိလိုက်စားမှုမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုများစွာထိခိုက်စေပြီး လူတစ်ဦးချင်းစီ၏အကျင့်စာရိတ္တနှင့်စိတ်ဓာတ်ကိုလည်း ပျက်စီးစေသည်။ သူများမိုးခါးရေသောက်လို့ သောက်ရပါတယ်ဆိုရာမှ တစ်ဆင့် တစ်စတစ်စအမြစ်တွယ်လာပြီး အကျင့်ပျက်ခြစားမှုများလာခြင်းမျိုးမဖြစ်အောင် ထိန်းသိမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် အဓိကအားဖြင့် စီးပွားရေးအားကောင်းရန်လိုသည်။ စီးပွားရေးအားကောင်းမှသာ ငွေကြေးခိုင်မာမှုရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ငွေကြေးကို ခိုင်မာအောင် လုပ်ဆောင်ပေးနေသကဲ့သို့ စီးပွားရေးအရ အားကောင်းလာအောင် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ငွေကြေးသုံးစွဲမှုတွင်လည်း ပြည်သူလူထုအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဝန်ဆောင်မှုကောင်းအောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဘဏ္ဍာငွေများကို အကျိုးရှိရှိအသုံးချလျက်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခိုင်ခိုင်မာမာလျှောက်လှမ်းနေပြီဖြစ်သည်။ နိုင်ငံနှင့်ပြည်သူများအတွက် လုပ်ဆောင်မှုမှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များထားရှိပြီး ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများဖြင့် အကောင်းဆုံးဆောင်ရွက်နေခြင်းဖြစ်သည်။ မရေမရာဖြင့် စမ်းတဝါးဝါးဆောင်ရွက်နေခြင်းမျိုးမဟုတ်ပေ။ အတိတ်ကကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများကိုလေ့လာသုံးသပ်ပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်မှန်မှန်ကန်ကန်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယနေ့အချိန်ကာလသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများလိုလားသည့် လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိနေခြင်းဖြစ်သည်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်တို့မှာလည်း ထင်ရှားစွာပေါ်ပေါက်လာပြီဖြစ်သည်။ နိုင်ငံတော်အတွက်တွေ့ကြုံလာမည့်အခက်အခဲမှန်သမျှကို ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး စည်းစည်းလုံးလုံးဖြင့် **"သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှု"** ဖြစ်အောင် ကြိုးစားဆောင်ရွက်နေချိန်တွင် ပြည်သူများ၊ ဝန်ထမ်းများအားလုံးကလည်း အသိ၊ သတိဖြင့်ထိန်းချုပ်၍ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

စဉ့်ကိုင်မြို့နယ်၌ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်

စဉ့်ကိုင် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၆ ရက် မွန်းလွဲပိုင်းတွင် ကင်းလပ်ကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မင်းဦးက အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင်သင်ကြားပို့ချရမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းကို ကင်းလပ်ကျေးရွာမှသင်တန်းသူ ၂၀ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင်လ ၆ ရက်မှ ၁၀ ရက်ထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၇-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။	၀၉:၀၀ Market News	၄။	၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၂။	၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်	၅။	၁၅:၃၅ Happy Zone
၃။	၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား	၆။	၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေငယ်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉ရပ၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပန်းတောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(နတ်မောက်)၌ လူငယ်စကားဝိုင်းကျင်းပ

ပန်းတောင်း ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာအလယ်တန်းကျောင်း(နတ်မောက်)၌ ဇူလိုင်လ ၆ ရက်က လူငယ်စကားဝိုင်းကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစန်းကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်များအချင်းချင်း တိုင်ပင်ညှိနှိုင်းဆွေးနွေးတတ်စေရန်၊ လူအများရှေ့၌ ရဲဝံ့စွာစကားပြောဆိုတတ်စေရန်၊ အတွေးအမြင်များကျယ်ပြန့်လာစေရန်၊ မိမိတို့သိထားသော ဗဟုသုတများကို အချင်းချင်းပြန်လည်မျှဝေတတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်း(နတ်မောက်) Grade-8 မှ မယမင်းမြတ်က မိမိကိုယ်ကိုတန်ဖိုးထား၊ Grade-9 မှ မပြည့်ဖူးသဒ္ဓါက Game ကပေးတဲ့ အောင်မြင်ရေးသော့ချက်၊ မကြယ်စင်ဖြူက လူငယ်များထားရှိရမည့်စိတ်ဓာတ်၊ မောင်ဝင်းကိုထွေးက လူငယ်နှင့်အခွင့်အလမ်း၊ မောင်ဇင်မင်းထက်က လူငယ်နှင့်အနာဂတ်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးပြောကြားကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



မအူပင်မြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

မအူပင် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၆ ရက်က ငါးကြီးဂရက်ကျေးရွာကုန်ထုတ်လမ်းဘေးဝဲ၊ ယာ၌ ကျင်းပသည်။

ရေးဦးစွာ မအူပင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေနှင့် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးတို့က တာဝန်ရှိသူများထံ စိုက်ပျိုးမည့်ပျိုးပင်များကို အသီးသီးလွှဲပြောင်းပေးအပ်ကြပြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မန်ဂျန်ရှာပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးနှင့်ဝန်ထမ်းများ၊ ငါးကြီးဂရက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါစိုက်ပျိုးပြီး အပင်များ ရှင်သန်ကြီးထွားရေးအတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတရေးကိုများစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ အောင်မြင့်မြတ်(ပြန်/ဆက်)

လားရှိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေး

လားရှိုး ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်းခန်းမ၌ ဇူလိုင်လ ၆ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးမြို့နယ်ဦးစီးမှူးရုံးသည် အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်က ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ၃၇ ဦး၊ ကျောင်းသူ ၅၂ ဦး စုစုပေါင်း ၈၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား နေ့ချင်းပြီး ရရှိစေရန် ဆောင်ရွက်ပေးကြောင်း သိရသည်။

(၆၀၈)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၀၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၅၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၀၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ခင်စိန်ကြည်တို့ထိုင်နေသည့်အခန်းနှင့် ယှဉ်လျက်နေသော အခန်းတစ်ခုၦလည်း ရန်ကုန်မြို့ ကောလိပ်ကျောင်းတော်ကြီး ဘီအေအတန်းတွင် သင်ကြားလျက်ရှိသော ကျောင်းသားနှစ်ယောက်တို့ ထိုင်လျက် ရှိကြသည့်အနက် တစ်ယောက်မှာ မန္တလေးသားဖြစ်၍ ကျောင်းပိတ်သည့်အခါ မိဘရပ်ထံ ပြန်လာသည့်အခိုက် မိမိနှင့် အတန်းတူ ရန်ကုန်သားသူငယ်ချင်းကို အလည်ခေါ်၍လာခဲ့ပြီးလျှင် ဆပ်ကပ်ပွဲသို့ လာရောက်ကြည့်ရှုကြလေသည်။

မန္တလေးသားက "ဘယ့်နယ်လဲ မိတ်ဆွေ၊ ကျုပ်တို့မြို့က ဆနိုက်တော်တော် မပေါဘူးလားဗျာ၊ ဟိုဘက်ခန်းကဟာ စစ်ကဲကြီး ဦးထင်ကျော်သမီးကလေးပေါ့၊ ဒီမြို့မှာဖြင့် သူတို့တော်တော်ချွန်တာပဲ"

ရန်ကုန်သားက "စစ်ကဲကြီးသမီးကဖြင့် ချောပါပေတယ်ဗျာ၊ အနားကမောင်ကော မိတ်ဆွေသိရဲ့လား"

မန္တလေးသားက "မြင်ဖူးသလိုလို မှတ်ပါတယ်ဗျာ၊ ဟန်ကတော့ ရန်ကုန်သားဟန်၊ အပေါင်းအထုတ်ကလည်း တယ်စတိုင်ကျတဲ့မောင်ပဲ၊ ရုပ်ကလေးကလည်း တယ်သင့်ပါပေတယ်ဗျာ"

ရန်ကုန်သားက "ကျုပ်တို့ကျောင်းက အက်ဖ်အေအောင်ပြီး အမွေရလို့ထွက်သွားတဲ့ သက်ညွှန့်ပေါ့ဗျာ၊ ဒီကောင် ရန်ကုန်သားအစစ်ပေါ့၊ အမွေကလေးရတာနဲ့ လျှောက်ရမ်းပြီးနေတဲ့ အကောင်ပဲ၊ ဒီကောင့် အကြောင်း ကျုပ်နည်းနည်းသိပါတယ်ဗျာ၊ အလကား အသုံးမကျတဲ့လူငနွားကလေးပါ"

မန္တလေးသားက "ဘယ့်နယ်မိတ်ဆွေ တယ်အာဏာပြင်းလိုက်ပါကလား၊ ဘာများရန်ငြိုးရှိလို့လဲ"

ရန်ကုန်သားက "မိတ်ဆွေက သူ့အကြောင်းမသိသေးလို့၊ သိရင် ဒီထက်တောင်ပြောဦးမယ်၊ အမိအဖက ကုတ်ကုတ်ကတ်ရှာထားတဲ့ပိုက်ဆံကလေး

"ဝန်ထောက်ကတော်မအေးမြမှာ မိမိ၏ခင်ပွန်း ဝန်ထောက်ကြီး ဦးကျော်မင်းနှင့်အကြောင်းပါသည့်နေ့မှစ၍ မိမိအလိုအလျောက် တစ်စုံတစ်ရာကိုမျှ ပြုဝံ့သည်မရှိသည့်အပြင် ခင်ပွန်းကို အလွန်ကျိုးနွံရိုသေချစ်ခင်မြတ်နိုးသဖြင့် ခင်ပွန်း၏သြဇာကို အစဉ်မပြတ် ခံယူလျက်ရှိလေ၏။ စိတ်သဘောမှာလည်း အလွန်နူးညံ့ပျော့ပျောင်း၍ လူတစ်ဖက်သားကို ကရုဏာအားကြီးသည့်အပြင် မိမိနှင့်နေထိုင်သူ တို့အားလည်း အနည်းငယ်မျှ စိတ်မချမ်းသာစေအောင် ပြုလုပ်တတ်လေ့မရှိ . . . "

ဖြန်းတီးပြီး အဝတ်အလဲလဲဝတ်ကာ ညနေတိုင်း ဗိုလ်ဟန်ကလေးနဲ့ လမ်းလျှောက်၊ လျှောက်တာတော့ လျှောက်ပါစေတော့၊ တော်တော်ကြာ ဒီလူသမီးပျို ဖျက်ဆီး၊ တော်တော်ကြာ ဟိုလူဇနီးမယားကြခို၊ ရုပ်ကလေးကလည်းချော၊ အချိန်ကလည်းရှိ၊ ပိုက်ဆံကလေးကလည်း ပေါတော့ သူ့အကြံအောင်တာပေါ့ဗျာ၊ အဲဒါ သူက ဟုတ်လှပြီမှတ်ပြီး ကျုပ်ထံတစ်ခါလာကြွားသေးတယ်၊ ကျုပ်က ဒီတုန်းက မင့်အကြံ ခွေးကြံဝက်ကြံလို့ ပြောလိုက်တာနဲ့ ကျုပ်ကို အခုတောင် သူစကားမပြောဘူး၊ ကျုပ်ကလည်း ဒီလို အကောင် စကားပြောချင်မှာထားလို့ ခြေနဲ့တောင်မတို့ချင်ဘူး၊ အဟုတ်ပြောတာ"

မန္တလေးသားက "ဒီကောင် လူပျိုပဲလားဗျာ"

ရန်ကုန်သားက "ဒီကောင်မျိုး ဘယ်တော့မိန်းမယူမလဲဗျာ၊ မိန်းမဆိုတာ သူတို့လိုလူမျိုးက ရှုပ်တယ်ထင်တာလား၊ လူအို ဆိုမှဖြင့် မျက်နှာငယ်သတဲ့ဗျ"

မန္တလေးသားက "မိတ်ဆွေပြောပုံဖြင့် ခင်စိန်ကြည်ကလေးအတွက် သနားလိုက်ပါသေးရဲ့ဗျာ၊ ဘယ်တုန်းကများ သိသွားကြပါလိမ့်"

ရန်ကုန်သားက "ဒီအကောင်မျိုး ဒီလိုပေါ့ဗျာ၊ ဘယ်ကစပ်ဟပ်သိတယ် မပြောတတ်ပါဘူး၊ မိန်းကလေးတစ်ယောက် ချောတယ်ဆို သူတို့က သိပြီးသားဖြစ်နေပြီ၊ တတ်လည်းတတ်နိုင်တဲ့ အကောင်တွေဗျ၊ ကျုပ်ဖြင့်အံ့သြတယ်"

မန္တလေးသားက "ဒါတော့ မိတ်ဆွေ ယောက်ျားချည်းလည်း အပြစ်မတင်ပါနဲ့၊ အမျိုးသမီးတွေက ဒီကောင်ဒီလိုသဘော ဆိုတာ သိလျက်သားနဲ့ ဝေးဝေးကရှောင်ပါတော့လား၊ အခုတော့ မဟုတ်ပေါင်၊ သူတို့တွေကလည်း အင်မတန်ကဲပါတယ်၊ ဒီလိုအကောင်နဲ့ သိကျွမ်းရတယ်ဆို သူတို့က ဂုဏ်တစ်မျိုးရှိတယ်အောက်မေ့တာကလား၊ ဒီသူငယ်မလေးကတော့ ဒီလို ဟုတ်ပုံမရပါဘူးဗျာ၊ ရုပ်ကလေးလည်း ချောသနဲ့၊ အကောင်က ဒီတစ်ခါဖြင့် အတည်ကြံကောင်းပါရဲ့"

ရန်ကုန်သားက "မထင်ပါနဲ့ မိတ်ဆွေ၊ ဒီလိုဟာကလေးတွေချည်း ဘယ်နယောက်ရှိပြီလဲ၊ သူပစ်ထားတာ၊ အင်း ... ရုပ်ကလေးကလည်းချော၊ အသက်ကလေးကလည်း ငယ်သနဲ့၊ သတိပေးလိုက်ပါရဲ့ ခင်စိန်ကြည်"

■ ■ ■ ■ ■

အခန်း(၃)

မန္တလေးမြို့ စီဗီလိုင်းခေါ်သည့်အရပ်သည် အများအားဖြင့် ဥရောပတိုက်သားအရာရှိကြီးတို့ နေထိုင်သည့်အကွက်ဖြစ်လေသည်။ ယင်းအပိုင်း၌ကား အိမ်ကြီးအိမ်ကောင်းတို့သာလျှင်ရှိ၍ ကျယ်ဝန်းသောဝင်းကြီးတို့ဖြင့် ဝိုင်းရံလျက်ရှိလေသည်။ ယင်းအရပ်၏ အနောက်ပိုင်းသည် ကား မင်္ဂလာဈေးအရပ်နှင့် ဆက်လျက်ရှိလေသည်။ ယင်းအရပ်ဆုံး၍ မင်္ဂလာဈေးအကွက်အဝင်ဝတွင် စီဗီလိုင်းအရပ်ရှိ ဗိုလ်အိမ်ကြီးများကဲ့သို့လည်းမကြီး၊ တခြားဆင်းရဲသားအိမ်တို့ထက်ကား များစွာခမ်းနားကြီးကျယ်သော အိမ်ကြီးနှစ်ဆောင်ရှိလေသည်။

ယင်းအိမ်အသီးသီးတို့၌လည်း ဝင်းခြံပတ်ကာလျက်ရှိရာ တစ်အိမ်မှာ အမိန့်တော်ရမင်း မောင်ထွန်းမြတ်နေထိုင်၍ တခြားအိမ်၌ကား ရာဇဝတ်ဘက်ဆိုင်ရာ ဝန်ထောက်ကလေး ဦးကျော်မင်း၏အိမ်ဖြစ်လေသည်။

ဦးကျော်မင်း၌ သားသမီးသုံးယောက်ရှိသည့်အနက် အကြီးမှာ မောင်ဘချို၊ အလတ်မှာ မိမိကြည်၊ အငယ်ဆုံးမှာ မိမိရီဖြစ်လေသည်။ အလတ်မိမိကြည်မှာ အိမ်ထောင်ခွဲဖြစ်၍ မိမိ၏ခင်ပွန်း မြို့အုပ်မင်းနှင့်အတူ အဝေးအရပ်၌နေထိုင်လျက်ရှိရာ အငယ်မိမိရီမှာ အသက် ၂၀ ခန့်ရှိ၍ အိမ်ထောင်မကျသေးသဖြင့် အမိအဖတို့နှင့်အတူ နေထိုင်လျက်ရှိလေသည်။ အကြီးဆုံးဖြစ်သူ မောင်ဘချို၏အကြောင်းကိုကား များစွာပြောရန်ရှိသဖြင့် ဆိုင်ရာအခန်းကျရောက်သောအခါ စုံလင်အောင်ဖော်ပြပါမည်။

မောင်ထွန်းမြတ်သည် စစ်ကဲကြီးအိမ်မှ ပြန်လာပြီးသည့်နောက် လေးရက်၊ ငါးရက်ခန့်ကြာရှိရာ ညနေ ၆ နာရီအချိန်ခန့်တွင် ချမ်းအေးသည့်ရာသီဖြစ်သည့်အလျောက် ဝန်ထောက်ကတော် မအေးမြသည် မိမိအိမ်ဦးခန်းရှိ ကော်ဇောပေါ်၌ တိုက်စောင်ကြီးတစ်ထည်ခြုံလျက် မိမိ၏ခင်ပွန်း ဝန်ထောက်မင်းရုံးမှ ပြန်လာမည့်လမ်းကို မျှော်ကြည့်လျက်နေလေ၏။ အခန်းပြတင်းပေါက်တစ်ခုအနီး၌ကား အဆင်းအင်္ဂါနှင့် ပြည့်စုံသည့် မိန်းကလေးတစ်ယောက်သည် ဇာထိုးလျက်နေလေ၏။ ၎င်းမိန်းကလေးသည်ကား ဝန်ထောက်မင်း၏ သမီးအငယ် မိမိရီဖြစ်လေသည်။

"မိမိ သမီး လက်ဖက်ရည်သောက်ချိန် ကျလောက်ပြီထင်ပါရဲ့ သမီးရယ်"

"ခုတင်ကပဲ အချိန်မကျသေးပါဘူးလို့ ပြောထားတယ် မေမေရယ်၊ ကျွန်မ နာရီကြည့်တုန်းက ၆ နာရီ ၁၀ မိနစ်ရှိသေး တယ်၊ အခု ဘာကြာသေးလို့လဲ"

"မေမေ အာခြောက်လွန်းလို့ပါ သမီးရယ်၊ တစ်ဆိတ်ကလေး နာရီတစ်ခါထပ်ပြီးကြည့်စမ်းပါဦး"

မိမိရီလည်း ဇာထိုးရာမှ မထချင်ထချင်ထ၍ နာရီကိုကြည့်ပြီးလျှင် "၇ နာရီထိုးဖို့ ၂၉ မိနစ်တိတိလိုသေးတယ်၊ မေမေကလည်း နာရီချည်းပဲ ခဏခဏအကြည့်ခိုင်းနေတာကိုး"

"အာခြောက်လွန်းလို့ပါ သမီးရယ်၊ ၇ နာရီကလည်း ထိုးခဲလိုက်တာနော်၊ ထိုးပါတော့"

ဝန်ထောက်ကတော် မအေးမြသည် မိမိအိမ်တွင် မိမိနေလျက် လက်ဖက်ရည်ကလေးတစ်ခွက်သောက်သည်ကို အချိန်ကျအောင် ဘယ့်အတွက် ဆိုင်း၍နေရပါသနည်း။ သောက်ချင်သည့်အချိန်ကို ဖျော်၍ အဘယ်ကြောင့် မသောက်လေသနည်းဟု အောက်မေ့ဖွယ်ရှိလေသည်။ သို့ရာတွင် ဝန်ထောက်ကတော် မအေးမြမှာ မိမိ၏ခင်ပွန်း ဝန်ထောက်ကြီး ဦးကျော်မင်းနှင့်အကြောင်းပါသည့်နေ့မှစ၍ မိမိအလိုအလျောက် တစ်စုံတစ်ရာကိုမျှ ပြုဝံ့သည်မရှိသည့်အပြင် ခင်ပွန်းကိုအလွန်ကျိုးနွံရိုသေချစ်ခင်မြတ်နိုးသဖြင့် ခင်ပွန်း၏သြဇာကို အစဉ်မပြတ်ခံယူလျက်ရှိလေ၏။ စိတ်သဘောမှာလည်း အလွန်နူးညံ့ပျော့ပျောင်း၍ လူတစ်ဖက်သားကို ကရုဏာအားကြီးသည့်အပြင် မိမိနှင့်နေထိုင်သူတို့အားလည်း အနည်းငယ်မျှ စိတ်မချမ်းသာစေအောင် ပြုလုပ်တတ်လေ့မရှိကုန်။

ဝန်ထောက်မင်း ဦးကျော်မင်းမှာ လွန်မင်းစွာမျက်နှာထားတင်း၍ အထင်အမြင်ကြီးသည့်အပြင် များစွာခေါင်းမာ၍ နေရာတိုင်း၌ သြဇာပေးလိုသောသူတစ်ယောက်ဖြစ်လေသည်။ ဝန်ထောက်ကတော်ကြီး မအေးမြလည်း နေရာတိုင်း၌ ခင်ပွန်း၏သြဇာကိုခံယူခဲ့ရာ မိမိ၏စိတ်တွင် မကျေမချမ်းရှိလျက်နှင့် နာယူရသည်မဟုတ်၊ မိမိ၏နဂိုသဘောသည်လည်း သိမ်မွေ့နူးညံ့လှသည် ဖြစ်သောကြောင့် ခင်ပွန်း၏အလိုသို့ကြည်ကြည်ဖြူဖြူလိုက်လျောပြုလုပ်တတ်သည်ဖြစ်လေသည်။

ဆက်လက်ဖော်ပြပါမည်။

ရန်ကုန်မြို့၌ ကြက်တောင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် Magic Badminton Club တို့ပူးပေါင်းကျင်းပမည့် အားကစားဝါသနာရှင်များနှင့် ကြက်တောင်မျိုးဆက်သစ်လူငယ်အားကစားသမားများအတွက် Junior Championships 2026 ပြိုင်ပွဲကို ရန်ကုန်မြို့အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဇူလိုင်လ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ အသက်ကိုးနှစ်အောက်ကစားသမားများသည် ၂၀၁၈ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူ၊ အသက် ၁၁ နှစ်အောက်ကစားသမားများသည် ၂၀၁၆ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူ၊ အသက် ၁၃ နှစ်အောက်ကစားသမားများသည် ၂၀၁၄ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူ၊ အသက် ၁၅ နှစ်အောက်ကစားသမားများသည် ၂၀၁၂ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူ၊ အသက် ၁၇ နှစ်အောက် ကစားသမားများသည် ၂၀၁၀ ပြည့်နှစ်နှင့် နောက်ပိုင်းမွေးဖွားသူ၊ အသက် ၁၉ နှစ်အောက်ကစားသမားများသည် ၂၀၀၈ ခုနှစ်နှင့် နောက်ပိုင်းမွေးဖွားသူများ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် မွေးစာရင်းနှင့်အတူ ဖုန်း-၀၉-၇၇၀၂၁၄၅၅၁၊ ဖုန်း-၀၉-၇၉၄၅၁၅၈၄၉ သို့ ဇူလိုင်လ ၁၁ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်

သထုံ ဇူလိုင် ၇

မွန်ပြည်နယ် သထုံမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၈) စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)တို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၆ ရက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်း ID ကတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များကို စနစ်တကျ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးအား စာတွေ့လက်တွေ့ ၁၂ ရက်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏မဟာဗျူဟာမြောက်အနာဂတ်နှင့်လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာဆွေးနွေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ၈ လိုင် ၇

လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့်လွှတ်တော်၏ မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ဥက္ကဋ္ဌက ယနေ့ဆွေးနွေးပွဲသည် လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)၏ ပထမဦးဆုံးစတင်သည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ JCC အဖွဲ့၏ ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်းမြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဝမ်းစာထပ်မံပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေနှင့် ကမ္ဘာ့လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ပြီး လွှတ်တော်၏ အခန်းကဏ္ဍအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ကိုယ်စားလှယ်များအပြန်အလှန် ဆွေးနွေးစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ယခုလို စွမ်းရည်မြှင့်တင်ရေးဆွေးနွေးပွဲများမှတစ်ဆင့် လွှတ်တော်၏ အကျိုးနှင့် နိုင်ငံတော်၏အကျိုးကိုဖြစ်ထွန်းစေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ပထဝီနိုင်ငံရေး အပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏မဟာဗျူဟာမြောက်ရပ်တည်မှုခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများနှင့်အတူ လွှတ်တော်၏အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦးက ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအခွင့်အလမ်း ခေါင်းစဉ်ဖြင့် မြန်မာပထဝီ စီးပွားရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုလည်းကောင်း နိုင်ငံတကာရေးရာများနှင့် ဆက်စပ်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်



ရန်ကုန် ၈ လိုင် ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ ညဖ နာရီခွဲတွင်ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဧည့်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ဧည့်ခံပွဲတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

မိုးပို လာနိုင်

နေပြည်တော် ၈ လိုင် ၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/၈လ)

နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ၈ လိုင် ၇


နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနရုံးဧရိယာအတွင်း ကျင်းပသည်။


သစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အဖွင့်အမှာစကား ပြောကြား၍ မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုစုပေါင်း ၁၆၀ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။



အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ၊ ပန်းအလှပင်နှင့်သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင်ပေါင်း ၆၄၁၉ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ





⇨ **ရှေ့ဖုံးမှအဆက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

မြန်အောင်မြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

မြန်အောင် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများနှင့် ပူးပေါင်းကာ ချင်းကုန်းကျေးရွာနှင့် မောက်ပေါက်ကုန်းကျေးရွာတို့၌ ဇူလိုင်လ ၆ ရက်က အရိပ်ရနှစ်ရည်ပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဇော်ထက်နှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန တောအုပ်ဦးအောင်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် စီမံကိန်းအသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။

ထိုသို့သစ်ပင်စိုက်ပျိုးရာတွင် သစ်တောဦးစီးဌာန၏ပျိုးပင်များပံ့ပိုးမှုဖြင့် ကျွန်းပင် ၅၀၊ စိန်ပန်းပြာ ၂၅ ပင်နှင့် မန်ကျန်ရှား ၂၅ ပင်ကို ချင်းကုန်းကျေးရွာနှင့် မောက်ပေါက်ကုန်းကျေးရွာတွင်း လမ်းဘေး၀ဲ၊ ယာ၌ စုပေါင်းစိုက်ပျိုးကြသည်။

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးသာမက ရာသီဥတုမျှတရေးကို များစွာအထောက်အကူပြုစေရန် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိပြီး စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ကြီးထွားစေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **အထွေး**



မကွေးမြို့နယ် နတ်ကန်ကျေးရွာ၌ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

မကွေး ဇူလိုင် ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် စိုက်ပျိုးရေးအသိပညာများတိုးပွားလာစေရန်ရည်ရွယ်၍ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို ဇူလိုင်လ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် နတ်ကန်ကျေးရွာ၌ ဖွင့်လှစ်သည်။

ရွေးဦးစွာ မကွေးတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွှန့်အောင်က သင်တန်းသားများအနေဖြင့် သင်တန်းတွင်သင်ကြားပေးမည့် မြေဩဇာပြုလုပ်နည်းများကို စနစ်တကျလေ့လာသင်ကြားပြီး လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာအသုံးချကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇောဟိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းသို့ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သဘာဝစိုက်ပျိုးရေး၏အကျိုးကျေးဇူးများ၊ အကျိုးပြုအဏုဇီဝပိုးစုများ၏အလုပ်လုပ်ပုံနှင့် ယင်းတို့၏အခန်းကဏ္ဍများ၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် ဂေဟစနစ်ကိုအကျိုးပြုပုံများ၊ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ငြိမ်းသူ**

ဟိုပုံးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ဟိုပုံး ဇူလိုင် ၇


ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမျူး၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇူလိုင်လ ၆ ရက်က ဟိုပုံးမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး လူထုအခြေပြုဟိုဌာန၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက အမှာစကားပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးတို့က သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၆ ရက်မှ ၉ ရက်အထိ စာတွေ့၊ လက်တွေ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



မျက်စိခွဲစိတ်ကုသမှုခံယူပြီးစီးသည့် လူနာများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေး



ပဲခူး ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်–၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ မျက်စိခွဲစိတ်ကုသမှုခံယူပြီးစီးသည့်လူနာများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး မျက်စိကျန်းမာရေးမျက်မှန်များ တပ်ဆင်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မျက်စိဝေဒနာရှင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ၁၂၀ ဦးကို အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ တိုင်းဒေသကြီးအတွင်း မျက်စိဝေဒနာရှင် စုစုပေါင်း ၁၀၀၀ ကျော်ကို အောင်မြင်စွာအခမဲ့ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဥသာတိုင်းသား

➲ ကျောဖုံးမှအဆက်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သောအချက်များနှင့်စပ်လျဉ်းသည့် သဝဏ်လွှာအား လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အစည်းအဝေးပဋ္ဌမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC)တွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် ၎င်းတို့၏ အမည်စာရင်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူပြီး ဖွဲ့စည်းကြောင်းကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **“အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကိုဖက်ခြင်း မပြုရန်ဟူသော အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သလို သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်”** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျွန်းလှ မဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်က ၂၀၂၁ ခုနှစ်ဇူလိုင် ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကို အဖွဲ့ဝင်နိုင်ငံများအား ကြိုတင်ချပြညှိနှိုင်းခြင်းမပြုဘဲ အစည်းအဝေးဝိုင်းမှသာဥက္ကဋ္ဌ၏ ကြေညာချက် နောက်ဆက်တွဲအဖြစ် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ဆိုပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် မရိုးသားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်မပြုအောင် အရေးယူပိတ်ဆို့မှုများဖြစ်အောင် အာဆီယံက UN အစည်းအဝေးတွင်ဖိအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ ဘုံသဘောတူညီချက်များကို လိုက်နာမှုစသည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ ဆောင်ရွက်ခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့ကြုံခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချက်များကြောင့် အစိုးရကိုဆန့်ကျင်သည့် အဖွဲ့များအတွက် မျှော်လင့်ချက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတွင်း၌ အကြမ်းဖက်မှု၊ ဆူပူမှုများ ပိုမိုကြီးထွားလာပြီး ပိုမိုပျက်စီးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ စီးပွားရေး၊ စစ်ရေး၊ အန္တရာယ်အများဆုံးနှင့်နိုင်ငံ၏ရေစီးကြောင်းအကြမ်းဆုံးအချိန်၊ လှိုင်းကြီးလေထန် ရေစီးသန်လည်း အားမာန်မလျော့ဇွဲမလျော့ဘဲ အသိသတိကြီးမားစွာနှင့် နိုင်ငံကိုပြုံလဲမသွားအောင် နိုင်ငံ့အကြီးအကဲများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် နိုင်ငံတော်၏ ခက်မသုံးဖြာအာဏာကြီးသုံးရပ်ကို ပိုင်းခြားကျင့်သုံး၍ စီမံအုပ်ချုပ်နေကြပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅) ရပ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးသက်သက်မဟုတ်ဘဲ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်ပြဿနာ(စစ်ဘေးရှောင်များ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မှု)နှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ရိုက်ခတ်လာသည်ဟုဆိုကာ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကိုချမှတ်ပြီး ပြည်တွင်းရေးတွင် ကြားဝင်ကိုင်တွယ်စွက်ဖက်သည့် ပုံစံမျိုးကျော်လွှန်ကာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပဋ္ဌိညာဉ်စာချုပ်အခန်း(၇) ပုဒ်မ(၂၀) (က) အာဆီယံ၏ အခြေခံလုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အားလုံးကို အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံလုံး၏ “တူညီဆန္ဒ (Consensus)”ဖြင့်သာ ချမှတ်ရမည်ဖြစ်ပါကြောင်း။

ယခုအခါမြန်မာနိုင်ငံသည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစိုးရကို လေးစားမှုရှိရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့်မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်နှောင့်ယှက်နေမှုများအပေါ် ပြန်လည်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်းဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များ၊ နိုင်ငံတော်၏ ဥပဒေကြောင်းအရ ရပ်တည်ချက်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြင်ပဖိအားများအပေါ်အခြေခံကာ ချမှတ်ခဲ့ခြင်းမျိုးဖြစ်နေသည်ကို စိတ်မကောင်းစရာတွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂပဋ္ဌိညာဉ်စာတမ်းပါအခြေခံမူများ အပိုဒ်(၂) အပိုဒ်ခွဲ (၁) ၌ “ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအရာ၌ တူညီကြသည်ဟူသောမူပေါ်တွင် အခြေခံ၍ ဟု”လည်းကောင်း၊ အပိုဒ်ခွဲ(၇)တွင်လည်း “နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့် အာဏာအတွင်း၌ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရ”ဟု ဖော်ပြထားချက်များနှင့်လည်း ကိုက်ညီမှုမရှိကျော်လွန်ဆောင်ရွက်နေသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားသည့် “မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံဖြစ်သည်”၊ “ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်” ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာ့အရေးကို မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံအစိုးရကသာ ဦးဆောင်ဖြေရှင်းမည်ဟူသော ရပ်တည်ချက်အား အာဆီယံမှ သိရှိနိုင်စေရေးကိုရည်ရွယ်လျက် အဆိုအား လေးနက်စွာထောက်ခံဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မိမိမေကျော်ထွန်းက အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်း၊ ပြည်တွင်းရေးကို မစွက်ဖက်ခြင်း၊ တန်းတူညီမျှမှုနှင့် တူညီဆန္ဒအခြေခံဆုံးဖြတ်ခြင်းတို့ကို အာဆီယံအဖွဲ့၏ မူလအခြေခံစံနှုန်းများအဖြစ်သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံ၏ အခြေခံမူများနှင့် တန်းတူညီမျှမှုသည် အဖွဲ့ဝင်နိုင်ငံအားလုံးကိုအချုပ်အခြာအာဏာ တန်းတူညီမျှသော နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီး တန်းတူအခွင့်အရေးနှင့် တန်းတူတာဝန်များကို အာမခံထားသော မူလအခြေခံစံနှုန်းများပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် အာဆီယံ ASEAN Five-Point Statement သည် မြန်မာနိုင်ငံအတွက် သီးခြားသတ်မှတ်ထားသော နိုင်ငံရေးဆိုင်ရာလုပ်ဆောင်ချက်များကို အလေးပေးထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များအပေါ် အာဆီယံက တိုက်ရိုက်သက်ရောက်စေရန်ကြိုးပမ်းသည့် သဘောဆောင်လာပါကြောင်း၊ ယခုအချက်သည် အာဆီယံပဋ္ဌိညာဉ်အပိုင်း(၂)တွင် ဖော်ပြထားသည့် ပြည်တွင်းရေးမစွက်ဖက်မှုမူနှင့် တန်းတူညီမျှမှုမူတို့အပေါ် မေးခွန်းထုတ်စရာဖြစ်လာစေပါကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၁ ခုနှစ်ကာလနှင့်အခြေအနေချင်းများစွာကွာခြားလျက်ရှိသည်ဟူသော မြေပြင်ယတာတိစိစစ်ချက်ကို အာဆီယံက သိမြင်လက်ခံရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် လွှတ်တော်သည် မြန်မာပြည်သူတို့၏ ဆန္ဒအရပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေမှန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးပါဝင်မှုကို အပြုသဘောဖြင့် အသိအမှတ်ပြု၍ လေးစားတန်ဖိုးထားရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး (ခ)ဦးတင်ဦးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်အား မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာဆောင်ရွက်စေရန်ဖိအားပေးအကျပ်ကိုင်သည့်အနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံပါလီမန်များဆိုင်ရာညီလာခံများစသည့် အရေးပါသည့် အစည်းအဝေးကြီးများကို တက်ရောက်ခွင့်မပြုဘဲ ပိတ်ပင်ကန့်သတ်ခဲ့ခြင်း ဆက်ဆံလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးအသွင်ပြောင်းနိုင်မှုကို အသိအမှတ်ပြုကြဆိုလက်ခံလာသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယနေ့အထိ မြန်မာနိုင်ငံအပေါ်ရှုမြင်ပုံနှင့် ရပ်တည်ချက်များသည်တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိသေးသည်ကို စိတ်မကောင်းဖွယ်တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယခုကဲ့သို့ ပြောဆိုလုပ်ကိုင်မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးအရွေ့အပြောင်းကို မျက်ကွယ်ပြုပြီး ရွေးကောက်ပွဲကိုသာမက ရွေးကောက်ပွဲအရပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကရွေးချယ်တာဝန်ပေးလိုက်သည့် နိုင်ငံတော်အစိုးရကိုပါ ဂုဏ်သိက္ခာမဲ့စွာပြောဆိုကြခြင်းဖြစ်ပါကြောင်း။

ယင်းသည် အာဆီယံ၏ အခြေခံမူဖြစ်သည့် ချုပ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋ္ဌိညာဉ်စာချုပ်တွင်ပါသည့် “နိုင်ငံရဲ့ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရဲ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှု၊ ညီမျှမှုနှင့် အမျိုးသားရေးစရိုက် လက္ခဏာများကို လေးစားရေးအခြေခံမူ” များကိုဖောက်ဖျက်နေခြင်းဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အလုပ်မဖြစ်တော့သည့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို စွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏ပကတိဖြစ်ပေါ်ပြောင်းလဲမှုကို အမြင်သစ်နှင့်ထိတွေ့ချဉ်းကပ်မှုအသစ်များကို ပြောင်းလဲကျင့်သုံးချိန်တန်ပြီဟု အကြံပြုတိုက်တွန်းလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က အာဆီယံဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အစဉ်အလာကောင်းများချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းလုံးညီညွတ်မှုတစ်ခု ဆောင်ရွက်နိုင်သည့်ကမ္ဘာက လေးစားရသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အာဆီယံ၏အစဉ်အလာကောင်းများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးအစည်းအဝေးတက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးခြင်းများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ ဂုဏ်သိက္ခာကို စော်ကားနှိမ့်ချခြင်းသာဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်း၍ ငြိမ်းချမ်းရေးရစေရန်ဆိုသော်လည်း ကောင်းမွန်သည့်အကြံပြုချက်ဟု သာမန်အားဖြင့် ယူဆနိုင်သော်လည်း နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားမှု၊ နိုင်ငံတိုင်းအား ပြည်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုမှုနှင့်အကျပ်ကိုင်ဖိအားပေးမှုများကင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်ခွင့်ရှိမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရဆိုသည့်အချက်များနှင့်မကိုက်ညီဘဲ အာဆီယံ၏အခြေခံမူများနှင့်လည်း သွေဖည်နေသည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကိုထောက်ခံဆွေးနွေးသည်။

မော်လမြိုင် မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်ဟူသည်အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်ချပြခြင်းမရှိဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲတွင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် တန်းတူညီမျှမှုရှိသည့် ဘုံသဘောတူညီချက်ဖြစ်နိုင်မှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅) ရပ်တွင် အချက်(၃) နှင့် (၅)သည် မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစေနိုင်ပါကြောင်း၊ ပြည်တွင်းအရေးကို ပြည်တွင်းမှသာဖြေရှင်းခြင်းသည် သဘာဝကျပါကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်း မပြုရန်ဟူသော မူနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုကိုအပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

တာချီလိတ် မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် ယခုအခါ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရဦးဆောင်နေသည့် မြန်မာနိုင်ငံ၏လက်ရှိပကတိအခြေအနေများနှင့် များစွာကွဲလွဲနေပြီး အာဆီယံနိုင်ငံများလိုက်နာရန် သဘောတူထားသည့် အာဆီယံပဋ္ဌိညာဉ်စာတမ်းနှင့်လည်း ဆန့်ကျင်နေသည်များကို တွေ့ရှိရပါကြောင်း။

လက်ရှိတွင် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံအတွက် မလိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အာဆီယံက ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ပြီး တစ်ဖက်သတ်ချမှတ်ထားသည့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏တန်းတူရည်တူရှိမှုကိုထိခိုက်စေပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လည်း လက်တွေ့ဆန်ဆန် ကိုက်ညီမှုမရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အာဆီယံထုတ်ပြန်ချက်(၅) ရပ်အပေါ် တုံ့ပြန်မှုပကတိအရှိတရား (၅) ချက်အနေဖြင့် အာဆီယံ၏ထုတ်ပြန်ချက်(၅) ရပ်သည် အဖွဲ့ဝင်နိုင်ငံများ၏အမှန်တကယ် ဘုံသဘောတူညီချက်(Consensus)မဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက် (Statement)သာဖြစ်ပြီး ယင်းသို့ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ၏

စာမျက်နှာ ၈ သို့ ➲

ဘာမျက်နှာ ၇ မှအဆက်

ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ ဖိအားများပေးခြင်းတို့သည် အာဆီယံ၏ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ သဘောတူညီချက်များနှင့် သွေဖည်နေခြင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးသမိုင်းစဉ်ဆက်လျှောက်လုံးတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခဲ့ခြင်းမရှိဘဲ စေတနာမှန်ဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင် (Mile Stones) အစဉ်အလာကောင်းများဖြင့် ဂုဏ်သိက္ခာရှိစွာ ရှေ့ဆက်ကြိုးပမ်းနေခြင်း။

အချို့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်များအပေါ် သေချာစွာနားလည်ရန်လိုအပ်နေပြီး နိုင်ငံကြီးအချို့၏အားပြိုင်စမ်းသပ်ပွဲတွင် အသုံးချခံဖြစ်ရာမှ အာဆီယံဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အကျိုးစီးပွားများအပေါ် မထိခိုက်စေလိုခြင်း။

မြန်မာနိုင်ငံ၌ လက်ရှိကာလတွင် ဒီမိုကရေစီနှင့်အညီ လွတ်တော်နှင့်အစိုးရတို့ပေါ်ထွန်းလာပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်းပြောင်းလဲတိုးတက်လာနေပြီဖြစ်၍ အာဆီယံ၏ထုတ်ပြန်ချက် (၅) ရပ်သည် ပကတိအရှိတရားနှင့်ကိုက်ညီမှုမရှိခြင်း။

စည်းလုံးညီညွတ်ပြီး ဘက်စုံတိုးတက်မည့် အာဆီယံအသိုက်အဝန်းဖြစ်ထွန်းတည်တံ့နိုင်ရေးတွင် မြန်မာနိုင်ငံ၏ပထဝီနိုင်ငံရေးဆိုင်ရာ စီးပွားရေး၏အရေးပါမှုအလားအလာများအပေါ်အလေးထား၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုတွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများဆက်လက်ဖြစ်ထွန်းနေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံကာ အနာဂတ်အား မဟာဗျူဟာအမြင်ဖြင့် ဆက်စပ်တွေးခေါ်မြော်မြင်ပြီး အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဆိုသည့် မူဝါဒသည် အခြားနိုင်ငံများ၏မဟုတ်မမှန်အနိုင်ကျင့်စွပ်စွဲမှုများကို ခေါင်းငုံ့ခံရမည်ဟုမဆိုလိုပါကြောင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့လည်း ထိမှဝါဒရှိပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံကိုထိပါးလာပါကငင်းတို့၏ MOFA ဝန်ကြီး (သို့) သံအမတ်ကြီးတစ်ဦးဦးက နိုင်ငံတကာမီဒီယာများတွင် ချက်ချင်းတုံ့ပြန်ချေပကြကြောင်း၊ မိမိနိုင်ငံကို ချစ်သည်ဆိုသည်မှာ မိမိနိုင်ငံအား မဟုတ်မမှန်၊ အနိုင်ကျင့်ပြောဆိုလာခြင်းကို ခေါင်းငုံ့မခံဘဲ ချက်ချင်းတုံ့ပြန်ခြင်းပင်ဖြစ်ပါကြောင်း၊ "တိတ်တိတ်နေထောင်တန်သည်" ဟုယူဆထားသော အတွေးအခေါ်မှ ပိုမိုအားမနာတတ်သော သတ္တိရှိရှိ Proactive(ထိုးစစ်) လုပ်ရမည်ဟူသော ခံယူချက်သို့ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

"ရှုံ့လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"ဖြစ်စေရန်၊ မြန်မာပြည်အနေဖြင့်လည်း ASEAN အပေါ်အစုပျိုးမှုတက်ကြွမှုရှိကြောင်း ပြနိုင်ရန်၊ ASEAN ကိုလည်း လေ့ကားလှုပ်ရှားစေရန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများဆက်လက်ဖြစ်ထွန်းနေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံကာ အနာဂတ်အား မဟာဗျူဟာအမြင်ဖြင့် ဆက်စပ်တွေးခေါ်မြော်မြင်ပြီး အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံက အာဆီယံပဋိညာဉ်စာတမ်းတွင်အဓိကအသက်သွေးကြောအဖြစ်ပါဝင်ခဲ့သည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလေးစားရန်နှင့် ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ထုတ်ပြန်ကြေညာချက်ဖြစ်သည့် မြန်မာနိုင်ငံအရေး အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါလုပ်ပိုင်ခွင့်များကို ကျော်လွန်စွက်ဖက်ရန် ကြိုးပမ်းလာသည့်အပြင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏တန်းတူညီမျှမှုကိုပါ တိုက်ရိုက်ထိခိုက်စေသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ထိန်းညှိတုံ့ပြန်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ငြင်းဆန်ရခြင်းမှာ စိတ်လိုက်မာန်ပါတုံ့ပြန်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ဆန့်ကျင်နေသောကြောင့်ဖြစ်ပါကြောင်း၊ ခရီးစဉ်များအောင်မြင်စွာပြီးဆုံးပြီး New York Times, Investigate Asia စသည်တို့အပါအဝင် အနောက်နိုင်ငံ Media များမှ Anti-Govt, Anti-Myanmar Media Campaign များစတင်ပြုလုပ်လာပြီကို သတိရှိစေလိုပါကြောင်း၊ ပြည်တွင်းမီဒီယာများတွင်သာ ပြောနေ၍မရပါကြောင်း၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့် မိမိနိုင်ငံကို ချစ်စိတ်အပြည့်ဖြင့် နိုင်ငံတကာမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင်ရဲရဲဝံ့ဝံ့တက်တက်ကြွကြွထိထိမိမိစတင်တုံ့ပြန်ကြရန် လိုအပ်ပါကြောင်းအဆိုအားထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် အာဆီယံကို စတင်ဝင်ရောက်ခဲ့ချိန်မှစ၍ ယနေ့အထိ အာဆီယံ၏ရည်ရွယ်ချက်၊ ပဋိညာဉ်စာတမ်း၊ အခြေခံမူများကို အစဉ်လေးစားလိုက်နာပြီး အာဆီယံ၏လုပ်ငန်းအားလုံးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက်(၅)ရပ်ထုတ်ပြန်ပြီးနောက် အာဆီယံသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၆ ခုနှစ်၊ မေလအထိ ပြုလုပ်သော အာဆီယံအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ခေါင်းဆောင်များ၊ ဝန်ကြီးအဆင့်များကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေးမဟုတ်သော ကိုယ်စားလှယ်ကိုသာ တက်ရောက်ခွင့်ပြုခဲ့သည်မှာ အာဆီယံပဋိညာဉ်ပါ အခြေခံမူဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏တန်းတူအခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ အာဆီယံအဖွဲ့၏ ခွဲခြားဆက်ဆံမှုကို နိုင်ငံတော်အစိုးရက လက်မခံသကဲ့သို့ ပြည်သူအားလုံးကလည်း လက်မခံပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရကျင်းပခဲ့သော လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏တရားဝင်လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရသစ်တစ်ရပ်ဖြစ်ပေါ်နေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ပကတိအခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်းတူညီမျှစွာချစ်ကြည်ရင်းနှီးမှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားမှု ပူးပေါင်းလုပ်ကိုင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်သာ ဒေသအတွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင်လ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဇူလိုင်လ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၇

အားကစားရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ်အတွင်းရှိ ပြေးခုန်ပစ်တာဝေးအားကစားပြိုင်ကွင်းနှင့် ဝဏ္ဏသိဒ္ဓိရေကန်တို့၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးညီညီတို့က စိန်ပန်းပင်များကို ဦးဆောင်စိုက်ပျိုးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရအပင်များဖြစ်သည့် စိန်ပန်းပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်၊ ယူကလစ်ပင်၊ ရေတမာပင်၊ စွယ်တော်ပင် စသည့်စုစုပေါင်းအရိပ်ရအပင် ၅၅၅ ပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကျော်ကို ဝဏ္ဏသိဒ္ဓိရေကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများအတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

စ-၇-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၃၆၀	၃၅၀၀	၃၄၇၅	၃၄၇၅	၃၅၀၅	၃၅၂၀	၃၅၄၅	၃၄၄၀	၃၅၆၀	၃၈၀၀	၃၄၆၀	၃၄၈၅	၃၅၄၅	၃၅၀၅	၃၅၂၀	၃၅၆၀
95 Ron	၃၄၁၀	၃၅၅၀	၃၅၁၀	၃၄၃၀	၃၅၅၅	၃၅၇၀	၃၅၆၅	၃၄၉၀	၃၈၁၅	၃၈၅၀	၃၅၁၀	၃၅၆၀	၃၅၆၅	၃၅၅၅	၃၅၇၀	၃၈၀၀
HSD (500 ppm)	၃၀၉၀	၃၂၂၀	၃၁၈၀	၃၁၀၅	၃၂၂၅	၃၂၄၀	၃၂၆၅	၃၁၆၅	-	၃၅၁၀	၃၁၈၅	၃၄၆၅	၃၂၆၅	၃၂၂၅	၃၂၄၀	၃၄၇၀
HSD (50 ppm)	၃၈၀၀	၃၉၄၀	၃၉၀၀	၃၈၁၅	၃၉၄၅	၃၉၆၀	၃၉၈၅	၃၈၈၀	၄၂၀၅	၄၂၄၀	၃၉၀၀	၃၉၄၅	၃၉၈၅	၃၉၄၅	၃၉၆၀	၄၂၀၀
HSD (10 ppm)	၃၈၀၀	၃၉၄၀	၃၉၀၀	၃၈၁၅	၃၉၄၅	၃၉၆၀	၃၉၈၅	၃၈၈၀		၄၂၄၀	၃၉၀၀	၃၉၄၅	၃၉၈၅	၃၉၄၅	၃၉၆၀	၄၂၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၁၇၇	၃၂၇၄
95 Ron	၃၂၂၇	၃၃၂၅
HSD (500 ppm)	၂၉၂၃	၃၀၁၁
HSD (50 ppm)	၃၆၀၄	၃၇၀၆
HSD (10 ppm)	၃၆၀၄	၃၇၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သမဝါယမအသင်းသားတောင်သူများအား မတည်ပုံပိုးချေးငွေပေးအပ်



လွိုင်ကော် ဇူလိုင် ၇

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများကို အရင်းအနှီးရရှိစေရန်ရည်ရွယ်၍ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်) ဖြင့် ပြောင်းစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား မတည်ပုံပိုးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၆ ရက်တွင် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ် သမဝါယမဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်) မှ စိမ်းရောင်စို စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းသို့ မတည်ပုံပိုးချေးငွေပေးအပ်ရာ သမဝါယမအသင်းသား တောင်သူများကိုယ်စား တောင်သူနှစ်ဦးက လက်ခံရယူသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်)မှ ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောခလေးကျေးရွာအုပ်စု မိုက်ကန်းကျေးရွာရှိ စိမ်းရောင်စို စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသား ၁၈ ဦးအား ၁ ဧကလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ဧကပေါင်း ၁၃၄ ဧကအတွက် စုစုပေါင်းငွေကျပ်သိန်း ၆၇၀ အား မတည်ပုံပိုးချေးငွေပေးအပ်ကြောင်း သိရသည်။

(၄၀၅)

မိုးရာသီသစ်ပင်စိုက်ပျိုးရေး ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ပုလော ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင်လ ၆ ရက်တွင် ပုလောမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးတင်အောင်မျိုးက မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးရန်၊ သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းအရာများကို တက်ရောက်လာသူများအား အသိပညာပေးဆွေးနွေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သစ်တောကြေးမုံစာအုပ်များအား ကျောင်းစာကြည့်တိုက်သို့လှူဒါန်းကြကာ တက်ရောက်လာသူများ၏သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား သစ်ပင်ရှင်သန်အောင် စိုက်ပျိုးရန်နည်းလမ်းများကို လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးခြင်းဆောင်ရွက်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မိုးပဲတီစိမ်းစံပြကွက်ဖြစ်ထွန်းမှုကွင်းသရုပ်ပြပွဲကျင်းပ

နတ်မောက် ဇူလိုင် ၇



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် မိုးပဲတီစိမ်းစံပြကွက်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲနှင့် ပညာပေး ဗွီနိုင်းပိုစတာစိုက်ထူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇူလိုင်လ ၆ ရက်တွင် ဘုန်းတော်ပြည့်ကျေးရွာ ကွင်းအမှတ် ၁၂၀၀ တောင်သူ ဦးနိုင်ဝင်း၏ ၂ ဧက ပဲတီစိမ်း စိုက်ကွင်း၌ ဆောင်ရွက်သည်။

ပဲတီစိမ်းစံပြကွက်ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက ရက် ၁၀၀ အတွင်း အဓိကသီးနှံ ၁၄ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိရာ တောင်သူများသိရှိလိုက်နာစေရေးအတွက် လက်တွေ့လေ့လာနိုင်စေရန် ပဲတီစိမ်းအထွက်နှုန်းတိုးတက်ရေးစံပြကွက် ၁၀ ဧကတောင် သူပညာပေးကွင်းသရုပ်ပြခြင်းနှင့် ဗွီနိုင်းပိုစတာများစိုက်ထူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မိုးပဲတီစိမ်း ၁ ဧကပန်းတိုင် တင်း ၂၀ နှုန်းထွက်ရှိရေးအတွက် ပဲတီစိမ်းအထွက်နှုန်းတိုးတက်ရေး လုပ်ငန်းများကို စံပြကွက်များစိုက်ပျိုးပြသပြီး သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ပဲတီစိမ်းစိုက်ပျိုးသည့်တောင် သူများတက်ရောက်ကြကြောင်း သိရသည်။ လှဝင်း

ရဲရင့်သည့် စစ်သည်တော်

ဝ တောတောင်ရေမြေအနှံ့
ခြေဆန့်လို့ ခရီးနှင်။
ဖျက်ရန်စွယ် ကြွေပြုန်းအောင်
ချေမှုန်းဖို့ပင်။
တိုင်းပြည်အတွက် ထာဝစဉ်
တွေးမြော်မြင် မြဲကြိုးစား။
ဇွဲ လုံ့လ ဝီရိယနှင့်
ရှိကြခွန်အား။

ဝ စစ်သည်မောင် ဇာနည်ဖွား
စွမ်းပကား လှကိုယ်စီ။
အသက်ကိုပင် ပဓာနမထား
စွန့်စားဝံ့သည်။
ပြည်သူ့တွက် သုံးရာသီ
ပြုံးကမ္ဘာချည် ရဲရင့်သွေး။
တို့တိုင်းပြည် စိမ်းလန်းကာ
ငြိမ်းချမ်းဖို့လေး။

ဝ ကျရာတာဝန် လက်မနေး
ကာကွယ်ပေးသည့် တပ်မတော်။
အလံတော် တလူလူဝင့်လို့
ဂုဏ်မြင့်ထင်ပေါ်။
ရဲရင့်သည့် စစ်သည်တော်
ကြွေးကြော်သံ ညံမစဲ။
မြန်မာ့မြေမှာ
လှဝေဖြာ တိုးပွားဖို့
ကြိုးစားအမြဲ။ ။

ကိုရွှေတောသား(ဆင်ကူး)

ပေါက်ခေါင်းမြို့နယ်၌ စိတ်ကြိုက်ပန်းချီပြိုင်ပွဲကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ဟောပြောပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲတို့ကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က စာဖတ်ရှုနိုးဆွတ်ရေးအကြောင်းအရာနှင့် ကလေးအလုပ်သမားပပျောက်ရေးအကြောင်းတို့ကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃)ဒေါ်သင်းသင်းထွေးက လူငယ်ရေးရာနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကိုလည်းကောင်း အသိပညာပေးဟောပြောပြီး စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဆရာ၊ ဆရာမများက ဆုများပေးအပ်ပြီး ဗဟုသုတရဖွယ် နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ပြသကြရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ၈ လိုင် ၇

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လုပ်ငန်းကော်မတီဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ဒုတိယဝန်ကြီးနှင့် အဖွဲ့က မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသောကြောင့် ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး အရာထမ်း၊ အမှုထမ်း ၃၄၄၃ ဦးဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ အခြေခံပညာကျောင်း ၂၇၉ ကျောင်း ဖွင့်လှစ်နိုင်ပြီး ဆရာ၊ ဆရာမ ၁၂၃၄ ဦးဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇၆၅၁ ဦးအား ပညာသင်ကြားပေးနေပြီဖြစ်သကဲ့သို့ ပြည်သူ့ဆေးရုံများဖွင့်လှစ်ပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၇၈ ဦးဖြင့် လူနာပေါင်း ၁၃၀၉၈ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်းရောက်ရှိနေပြီဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်များလည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ စည်ပင်သာယာဈေးများနှင့် အိမ်ဆိုင်များလည်း ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး သောက်သုံးရေအတွက် ရေထွက်ပင်ရင်းမြားမှသွယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိကာ တီးတိန်မြို့အား အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် အလှည့်ကျဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့တို့ရှိ ပြည်သူ့ဆေးရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့်မြန်မာ့စီးပွားရေးဘဏ်တို့အတွက် ဆိုလာစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်သွယ်ရေးအနေဖြင့် တီးတိန်မြို့နယ်တွင် MEC၊ MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ပြီး တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့တွင် MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင် MEC တယ်လီဖုန်းလိုင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဆူရ်ဘုန်လေဆိပ် ပြန်လည်ဖွင့်လှစ်နိုင်ပါက ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် သွားလာရေးအဆင်ပြေနိုင်မည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ သိုင်းငင်း- တီးတိန်လမ်း လမ်းပိုင်းအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

(၇-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၁ ~ ၃၆၆၈	၅၅၇ ~ ၅၅၇.၇	၁၂၅.၄ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၁,၃၁၄,၈၄၉.၆၄	၄၉,၂၆၈,၃၁၅.၀၄	၄၈,၀၇၃,၅၄၆.၆၇	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ				

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ CMP ကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၈၄၄.၂၅ ကို ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

အခြေခံစားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာရောင်းချပေး

မော်လမြိုင် ၈ လိုင် ၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်နည်းပညာတက္ကသိုလ် (မော်လမြိုင်)၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်ကျောင်းသား၊ ကျောင်းသူများက လာရောက်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်မော်လမြိုင်တက္ကသိုလ်၌ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများအား ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် အဆောင်နေကျောင်းသား၊ ကျောင်းသူများက လာရောက်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံးအောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်းရှိဌာနဆိုင်ရာများအလိုက် ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက သုံးသပ်ဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

လုံခြုံရေးတပ်ဖွဲ့ဝင်များအား မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများပေးအပ်

ထားဝယ် ၈ လိုင် ၇

တနင်္သာရီတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများ အေးချမ်းလုံခြုံမှုရှိစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နေ့စဉ်လုံခြုံရေးတာဝန်များကို ဆောင်ရွက်ပေးကြသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းဟောင်းများအနေဖြင့် လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေးအဖွဲ့ဝင်များကို မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ၈ လိုင် ၇

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့တွင် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးထွန်းထွန်းနိုင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်းမှ ဆရာမောင်မင်းမူ(ပံသုကျီ)က ပညာနှင့်မျိုးချစ်စိတ်ဓာတ်၊ ဆရာအိုးဝေ(မြေနီကျင်း)က လူငယ်နှင့် အာဇာနည်စိတ်ဓာတ် ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။ ထို့နောက် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူး ဒေါ်ဝါဝါကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးထွန်းထွန်းနိုင်၊ မြို့နယ်စာရေးဆရာအသင်းမှ ဆရာမောင်မင်းမူ(ပံသုကျီ)၊ ဆရာအိုးဝေ(မြေနီကျင်း)၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အမှတ် (၁၄) အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုလွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၄၀၂)**

● ကျောဖုံးမှအဆက်

ယနေ့ပွဲတွင် မြန်မာအသင်းက ကစားသမားခြောက်ဦး အပြောင်းအလဲလုပ်ပြီး ပြိုင်ဆိုင်ခဲ့သလို ဟောင်ကောင်အသင်းသည်လည်း ပထမပွဲတွင်ပါဝင်သည့် ခံစစ်မှူးဖန်တင်းဝန် တစ်ယောက်သာထားရှိပြီး ကျန်ကစားသမားအားလုံး အပြောင်းအလဲပြုလုပ်ယှဉ်ပြိုင်လာခဲ့သည်။

ပွဲကစားချိန် ၄၆ မိနစ်တွင် ကောင်းခန့်ကျော် ဘယ်တောင်ပံတစ်လျှောက် တစ်ကိုယ်တော်ဆွဲယူပေးပို့သည့်ဘောလုံးကို သူရမင်းသန့်က အကောင်းဆုံးပိတ်သွင်း၍ ဦးဆောင်ဂိုးကို ရယူသွင်းသည်။ ဟောင်ကောင်အသင်း ချေပဂိုးရရှိရေးထက် ဦးဆောင်ဂိုးထပ်မပေးရရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် ကျော်ညီညီ၏ ထောင့်ကန်ဘောမှ တစ်ဆင့် ဇော်လင်းအောင်က ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့ပြန်သည်။

မြန်မာအသင်း ဂိုးထပ်မံရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ဟောင်ကောင်အသင်း၏အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့မှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၂ ဂိုး ဂိုးမရှိဖြင့်ပင် မြန်မာအသင်းအနိုင်ရရှိသွားသည်။ မြန်မာယူ-၂၀ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင်ယူ-၂၀ အမျိုးသားဘောလုံးအသင်းတို့၏ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို ၈ လိုင်လ ၄ ရက်က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရာတွင်လည်း မြန်မာအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်ပင် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

ဝန်းရံခ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)


မင်းခန့်

လေးစားအပ်ပါသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီးခင်ဗျာ

ဒုတိယအကြိမ်မြောက် အိတ်ဖွင့်ပေးစာတစ်စောင် ထပ်မံပေးပို့အပ်ပါတယ်။ ပထမအကြိမ်ပေးစာထဲမှာ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စက္ကျူလီဘစ်ရှော့ (Ms. Julie Bishop) ရဲ့ လွဲမှားနေတဲ့ လုပ်ဆောင်ချက်တွေကို ပွင့်လင်းစွာ စေမယ့် ဝါဒဖြန့်ချိမှုများကို ပြုလုပ်နေတာ မြင်တွေ့ကြားသိနေရပါတယ်။

အမှန်စင်စစ် ကျော်မိုးထွန်းဟာ ယခင် ၅ နှစ်ကျော်က မဲလိမ်မဲခိုးမှုကြောင့် ပြုတ်ကျခဲ့တဲ့ NLD အစိုးရက ခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ သူ့ကိုခန့်အပ်ခဲ့တဲ့ NLD အစိုးရဆိုတာ မြန်မာနိုင်ငံမှာ မရှိတော့လို့ သူ့အနေနဲ့ NLD ပါတီဝင်ဟောင်းတွေနဲ့ (Extrajudicial killing)၊ အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေကို ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and killing)၊ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကိုဖျက်ဆီးခြင်း (Destruction of non-military infrastructure) တွေ ဖြစ်ပါတယ်။

အဆိုးရွားဆုံးလုပ်ရပ်ကတော့ NUG အဖွဲ့ကကျင့်သုံးတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ NUG က မွေးဖွားပေးခဲ့တဲ့ PDF အမည်ခံ **လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG ကဖွဲ့စည်းပေးထားတဲ့ အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိကကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာ စတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့် အစီရင်ခံစာမှာ အဲဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းက ဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလိုညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာသတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေဖြစ်ပါတယ်။**



ဖြုတ်ချခဲ့သည့် ၂၀၂၂ ခုနှစ် အကြမ်းဖက်မှုအညွှန်းကိန်း အစီရင်ခံစာမှတ်တမ်းပုံ

❑ **ဒါ့ကြောင့်လည်း Global Terrorism Trends and Analysis Center က ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုညွှန်းကိန်း(Global Terrorism Index – GTI) အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်းတွေ့ရပါတယ်။ ဒီလိုမြင့်တက်လာခဲ့ရခြင်းအကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နောင်းပိုင်း၊ ၂၀၂၂ ခုနှစ်ကစပြီးဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့်ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်များရဲ့ အဓိကလက်သည်တရားခံကတော့ လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG ကဖွဲ့စည်းပေးထားတဲ့ အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိကကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာစတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့် အစီရင်ခံစာမှာ အဲဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းကဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလိုညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကသတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေဖြစ်ပါတယ်။**

ထောက်ပြအသိပေးခဲ့ပါတယ်။ ယခု ဒုတိယအကြိမ် အိတ်ဖွင့်ပေးစာမှာတော့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ဖို့အတွက် အကြံပြုတိုက်တွန်းတဲ့စာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြုပြီး နှစ်စဉ်ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ကျင်းပချိန်မှာ Credentials Committee က ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်ခန့်အပ်မှုကို ဆိုင်းငံ့ထားလို့ ၂၀၂၁ ခုနှစ်ကစပြီး ကုလသမဂ္ဂစင်မြင့်မှာ မြန်မာနိုင်ငံကိုယ်စားပြုသူမရှိ ဖြစ်နေရပါတယ်။

ဒါပေမဲ့ ကုလသမဂ္ဂရဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအရ အမြဲတမ်းကိုယ်စားလှယ်နေရာ အစားထိုးခန့်အပ်ခြင်းမပြုနိုင်သေးသလို ကိုယ်စားလှယ်အဟောင်းကို ဖယ်ရှားခြင်းမပြုလို့ မြန်မာနိုင်ငံရဲ့ သစ္စာဖောက် ဝရမ်းပြေးကျော်မိုးထွန်းက ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားဖွဲ့စည်းထားတဲ့ ပြည်ပြေး NUG အဖွဲ့ကို ကိုယ်စားပြုနေသူ တစ်ဦးဖြစ်ပါတယ်။

NUG အဖွဲ့ဆိုတာ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်အစိုးရရဲ့ ဥပဒေနဲ့အညီ သတ်မှတ်ခံထားရပြီး ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို ကျင့်သုံးနေတဲ့ အကြမ်းဖက်အဖွဲ့သာဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုယ်စားပြုတဲ့ NUG အဖွဲ့ရဲ့ အကြမ်းဖက်ဝါဒပုံစံသစ်ဆိုတာ နိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကိုအခြေခံပြီး နိုင်ငံတစ်ခုလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားအောင်အစိုးရ (Government) မဟုတ်တဲ့ နိုင်ငံတော် (State) ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to State Servants)၊ ငါနဲ့မတူ ဘုရန်သူ အယူအဆနဲ့ သူတို့ကိုမထောက်ခံသူ အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to Civilians or Non-combatants)၊ ဥပဒေပြင်ပ လူသတ်တရားစီရင်ခြင်း (Extrajudicial killing)၊ အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေကို ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and killing)၊ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကိုဖျက်ဆီးခြင်း (Destruction of non-military infrastructure) တွေ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း Global Terrorism Trends and Analysis Center က ထုတ်ပြန်တဲ့ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုညွှန်းကိန်း(Global Terrorism Index – GTI) အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်းတွေ့ရပါတယ်။ ဒီလိုမြင့်တက်လာခဲ့ရခြင်းအကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နောင်းပိုင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်များရဲ့ အဓိကလက်သည် တရားခံကတော့ အကြမ်းဖက်သမားတွေဟာ မြန်မာ့လူ့အဖွဲ့အစည်း ပျက်သုဉ်းသွားစေဖို့နဲ့ ပြည်သူတွေစိတ်ဓာတ်ရေးရာကစဉ့်ကလျားဖြစ်သွားစေဖို့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ NUG၊ PDF အဖွဲ့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို မျက်ကွယ်ပြုပြီး NUG၊ PDF အကြမ်းဖက်သမားတွေကို နှိမ်နင်းနေတဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter-terrorism operations) ဆောင်ရွက်ချက်တွေကိုတပ်မတော်က ပြည်သူကိုဖိနှိပ်နေတဲ့ သဘောမျိုး ဝါဒဖြန့်ချိမှုတွေကို သူတို့ကိုကိုယ်စားပြုပါတယ်ဆိုတဲ့ ဝရမ်းပြေးသစ္စာဖောက်ကျော်မိုးထွန်းက ကုလသမဂ္ဂမှာမြန်မာနိုင်ငံကို ကိုယ်စားပြုသလိုပုံစံမျိုးနဲ့ မကြာခဏပြောဆိုနေတာ ကြားသိနေရပါတယ်။

❑ **ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ် ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြဖြစ်နေပြီလား . . .**

ကျော်မိုးထွန်းအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြု တရားဝင်ပြောဆိုပိုင်ခွင့်မရှိပေမယ့် သူ့ကိုတရားဝင်ဖယ်ရှားခြင်းမပြုသေးတဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူအမြတ်ထုတ်ပြီး အလွတ်သဘောအစည်းအဝေးတွေမှာ ပြောဆိုခွင့်ရရှိနေတာကို စိတ်ပျက်ဖွယ်ရာ ကြားသိနေရပါတယ်။ **ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ် ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြဖြစ်နေပြီလား** ဆိုတာ မေးခွန်းထုတ်လိုက်ချင်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေတာဝန်ထမ်းဆောင်ရတဲ့ နေရာဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ (NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ ၅ နှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်း ဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့သလို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို လက်နက်ခွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက် ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။

လတ်တလောမဖုံးနိုင်မဖိနိုင်ပေါ်ပေါက်လာတဲ့ သစ္စာဖောက် ကျော်မိုးထွန်းရဲ့ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းမှုကတော့ NLD အစိုးရလက်ထက်က နယူးယောက်မှာရှိတဲ့ မြန်မာသံရုံးအသုံးစရိတ်အတွက် Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာ ဒေါ်လာ ၂ ဒသမ ၆ သန်း ကျော်ကို စာရင်းမရှင်းဘဲ ခိုးယူသုံးစွဲထားခြင်းပဲဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ သို့ ◆**

◆ စာမျက်နှာ ၁၁ မှအဆက်


အခွဲဒီဘဏ္ဍာငွေတွေဟာ သံရုံးဝန်ထမ်းတွေရဲ့ လစာ၊ ရုံးအသုံးစရိတ်အပြင် နှစ်စဉ် ကုလသမဂ္ဂအတွက်မြန်မာနိုင်ငံကထည့်ဝင်ရမယ့် နှစ်စဉ်ကြေးတွေဖြစ်ပါတယ်။

တော်ဘဏ္ဍာငွေတွေကို ကိုယ်ကျိုးအတွက်လိမ်ညာခိုးယူသုံးစွဲထားကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်နေရာမှ ဖယ်ရှားခြင်းမပြုသေးတဲ့ ကျော်မိုးထွန်းဟာ သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုး တစ်ဦးအဖြစ် မြန်မာပြည်တွင်းမှာ ထင်ရှားကျော်စောလျက်ရှိနေကြောင်း သတင်းစကားပါးလိုပါတယ်။

မကြာမီကာလမှာ နှစ်စဉ်ကျင်းပမြဲ

❑ ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့ နေရာဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ (NLD အစိုးရ) ဟာ လွန်ခဲ့တဲ့ ၅ နှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့သလို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက်ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်မှုကို ၂၀၂၀ ပြည့်နှစ်အထိ အပြည့်အဝပေးချေခဲ့ပြီး ၂၀၂၁ ခုနှစ်မှစပြီး ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်ကြေးလုံးဝ ထည့်ဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။



President	About	Meetings	Main Committees	Newsroom	Documents	All Sessions
50	Cambodia			168,320	21-Apr-20	
51	Andorra			140,266	24-Apr-20	
52	Albania			224,427	28-Apr-20	
53	China			336,780,502	1-May-20	
54	Mauritius			308,587	7-May-20	
55	Republic of Moldova			84,160	12-May-20	
56	Slovenia			2,132,055	13-May-20	
57	Tonga			28,053	26-May-20	
58	Cote d'Ivoire			364,694	1-Jun-20	
59	Guyana			56,107	1-Jun-20	
60	Myanmar			280,534	1-Jun-20	
61	Botswana			392,747	8-Jun-20	
62	Lao People's Democratic Republic			140,266	9-Jun-20	
63	Saint Vincent and the Grenadines			28,053	10-Jun-20	
64	Nicaragua			140,266	11-Jun-20	
65	Gabon			420,800	22-Jun-20	
66	Mali			112,213	29-Jun-20	

ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်ထားမှု အခြေပြဇယား


သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းကတော့ ၂၀၂၁ ခုနှစ် နောက်ပိုင်း ကုလသမဂ္ဂနှစ်စဉ်ကြေးသုံးကြိမ်သွင်းထားကြောင်းနဲ့ တစ်ကြိမ်ကို နိုင်ငံတော်ဘဏ္ဍာငွေ ဒေါ်လာ ၂ သန်းနဲ့ကျန်တဲ့ နှစ်ကြိမ်ကို အကြမ်းဖက် NUG အဖွဲ့မှ ၆ သိန်းသွင်းခဲ့ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားထားကြောင်း ကြားသိရပါတယ်။ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုထားတဲ့ သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းဟာ ကုလသမဂ္ဂမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး NUG အဖွဲ့ကိုပါ လိမ်ညာပြီး ကုလသမဂ္ဂနှစ်စဉ်ကြေးများ တောင်းခံခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

သေချာတာကတော့ Bank of America မှာအပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာငွေ ဒေါ်လာ ၂ ဒသမ ၆ သန်း အသေးစိတ်ငွေစာရင်းမရှင်းလင်းနိုင်တဲ့အတွက် နိုင်ငံကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ကျင်းပတော့မှာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံအစိုးရသစ်အနေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ လုပ်ပိုင်ခွင့် အရ ကုလသမဂ္ဂစင်မြင့်မှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖို့ စိတ်အားတက်ကြွလျက်ရှိပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အခန်း(၁)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(၁) မှာ အတိအလင်း ပြဋ္ဌာန်းထားတဲ့ နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံ၏ အခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်နဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စများတွင် အခြားနိုင်ငံများ သို့မဟုတ် ကုလသမဂ္ဂကိုယ်တိုင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုတဲ့ အချက်ကို မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးထားလေးစားလိုက်နာလျက်ရှိပါတယ်။

၂၀၂၁ ခုနှစ်က စတင်ပြီး ကုလသမဂ္ဂဆိုဝါရာမြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်ကို တရားဝင်ခန့်ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် များစွာနစ်နာဆုံးရှုံးလျက်ရှိပါတယ်။ အဲ့ဒီဆုံးရှုံးနေရခြင်းရဲ့အကြောင်းတရားက လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲလိမ်မဲခိုးမှုအရှုပ်တော်ပုံကြောင့် ၂၀၂၁ ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်ကို အကြောင်းခံခြင်းလို့ ထင်မြင်မိပါတယ်။

အမှန်စင်စစ် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဟာ တပ်မတော်က အာဏာသိမ်းခဲ့ခြင်းမဟုတ်ဘဲ အဲ့ဒီအချိန်က အာဏာရပါတီရဲ့ အစွန်းရောက်နိုင်ငံရေးသမားတွေက နိုင်ငံတော်အာဏာကို မဲလိမ်မဲခိုးပြီး အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ တပ်မတော်က နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့တဲ့ ပြဿနာကို လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံတော်အာဏာကိုရယူဖို့ ကြိုးစားခဲ့ကြတဲ့ နိုင်ငံရေးသမားအချို့ရဲ့ လွဲမှားမှုကြောင့် နိုင်ငံအတွင်း အချို့ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး တိုင်းပြည်ရဲ့အနာဂတ်လူငယ်တွေများစွာ ဆုံးရှုံးနစ်နာခဲ့ရပါတယ်။ နိုင်ငံ့တာဝန်ကို ခေတ္တရယူထိန်းသိမ်းခဲ့တဲ့ တပ်မတော်အနေနဲ့ သူ့ရဲ့ပင်မတာဝန်ဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါးကိုထိန်းသိမ်းဖို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ရသလို ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေး လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲကြီးကို အပိုင်းသုံးပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

ဒြင်းလို့မရတဲ့ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေး



မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ

အပြောင်းအလဲကနေ ဖြစ်ပေါ်ခဲ့တဲ့ တပ်မတော်အစိုးရဟာ ၂၀၂၅-၂၀၂၆ ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာပြီး လုံးဝမဲလိမ်မဲခိုးလို့မရအောင် စီစဉ်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ ရှေ့မှောက်မှာ မှတ်ကျောက်တင်ခံနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲ့ဒီရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး အနှံ့ ပါတီပေါင်း ၅၇ ပါတီကိုယ်စားလှယ်ပေါင်း ၄၉၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခင်ဒီမိုကရေစီအစိုးရ လက်ထက်ကတည်းက ဖွဲ့စည်းခဲ့ကြတဲ့ ပါတီ ၄၀ ပါဝင်ခဲ့ပါတယ်။ NLD ပါတီက သူတို့ရဲ့ဆန္ဒနဲ့ မှတ်ပုံတင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိတာဖြစ်ပါတယ်။ NLD ပါတီမပါဝင်လို့ ရွေးကောက်ပွဲဟာ အတုအယောင် ဖြစ်တယ်လို့ ဝါဒဖြန့်ချိမှုများဟာ ယုတ္တိကင်းမဲ့သလို ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီများနဲ့ မဲပေးခဲ့ကြတဲ့ ပြည်သူ ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုခြင်းသာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲ ကာလအတွင်း ရွေးကောက်ပွဲနှောင့်ယှက်ဖျက်ဆီးလိုသူတွေရဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုများ ကြားထဲက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၂၄ ဒသမ ၂၂) သန်းကျော်အနက် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ပြည်သူ(၁၃ ဒသမ ၁၂) သန်းက လွတ်တော်အသီးသီးက ကိုယ်စားလှယ်များကို မဲပေးရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခုလက်ရှိ နိုင်ငံ့တာဝန်ယူထားတဲ့ မြန်မာနိုင်ငံအစိုးရသစ်ဟာ ပြည်သူ့အများရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီနည်းလမ်းကျကျ၊ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံအစိုးရစစ်စစ်ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရွေးကောက်ခံအစိုးရသစ်ကို ထောက်ခံအားပေးအသိအမှတ်ပြုကြတဲ့ နိုင်ငံပေါင်းများစွာရှိနေသလို ရွေးကောက်ခံအစိုးရသစ်အနေနဲ့လည်း နိုင်ငံတကာဆက်ဆံရေးအပါအဝင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းအင်အားကြီး နိုင်ငံကြီးတွေအပါအဝင် မိတ်ဆွေနိုင်ငံတွေနဲ့ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်အဟုန်နဲ့ လုပ်ဆောင်လျက်ရှိနေပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်နေရာကိုတရားဝင်ခန့်အပ်မထားသေးပေမယ့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဆိုင်ရာ

❑ မြန်မာအစိုးရအသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာ ဖြစ်ပါတယ်။

❑ သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်းမပြုပေမယ့် ကုလသမဂ္ဂမှ ဖယ်ရှားခြင်းမပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေနဲ့ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေကို မြန်မာအစိုးရက လက်ခံထားပြီး ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တာဝန်သိမှုနဲ့ လိုက်ပါဆောင်ရွက်နေပါတယ်။ ဒီလို လုပ်ဆောင်နိုင်ဖို့အတွက်လည်း ဇွန်လ ၂၆ ရက်နေ့က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံရှိကုလသမဂ္ဂအေဂျင်စီတွေက ကိုယ်စားလှယ်တွေကို နေပြည်တော်မှာ တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှုတွေ၊ နိုင်ငံတော်အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိတဲ့ကြားနေမူဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ကိုယ်စားလှယ်စစ္စာဂျူလီဘစ်ရှော့လို့ ကုလသမဂ္ဂအရေခြုံပြီး လက်ရှိအစိုးရကို ဆန့်ကျင်နေသူတွေရဲ့ ဝါဒဖြန့်မှုတွေကို ထပ်ဆင့်ဖြန့်ဝေမှုမျိုး မလုပ်ကြပါဖို့နဲ့ မြန်မာနိုင်ငံအတွက် ကြံ့ကြံ့ခံနိုင်ရည်ရှိတဲ့ စီးပွားရေးနဲ့ ပြည်သူတွေအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီတွေ ပေးအပ်ဖို့ ပြောကြားခဲ့ကြောင်း ကြားသိရပါတယ်။

စာမျက်နှာ ၁၃ သို့ ◆

◆ စာမျက်နှာ ၁၂ မှအဆက်

အဆွေတော် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ကြီးခင်ဗျား

လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံ အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံဟာ တာဝန်ခံမှု၊ တာဝန်သိမှုနဲ့အတူ ကုလသမဂ္ဂနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်သွားဖို့ စိတ်ဆန္ဒအပြည့်ရှိနေတယ်လို့ သိရှိရပါတယ်။ မြန်မာပြည်သူတွေကိုယ်စား ဒီအချက်ကိုအပြည့်အဝ ထောက်ခံပါကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။

ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာအားကောင်းစေရေးအတွက် မဆုတ်မနစ်ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုချိန်တန်နေပြီဖြစ်ကြောင်း တိုက်တွန်းအသိပေးလိုပါတယ်။ **မြန်မာအစိုးရအသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂ စင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာဖြစ်ပါတယ်။**

သစ္စာဖောက်၊ ဝရမ်းပြေး လူလိမ်သူဝှီး တစ်ဦးကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်းမပြုပေမယ့် ကုလသမဂ္ဂမှ ဖယ်ရှားခြင်းမပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးအနေနဲ့ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ နိုင်ငံတကာ ရေးရာတွေမှာ နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိပြည်သူတွေရဲ့ ဆန္ဒနဲ့ရွေးကောက်တင်မြှောက်ထားတဲ့ မြန်မာအစိုးရသစ်က ခန့်အပ်လိုတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်သံအမတ်ကြီးကိုလည်း အမြန်ဆုံး ပြန်လည်ခန့်အပ်ပေးနိုင်ဖို့ တောင်းဆိုအပ်ပါတယ်။

ကုလသမဂ္ဂရဲ့ ပဋိညာဉ်နဲ့အညီ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းအတွက် အဲ့ဒီနိုင်ငံရဲ့ အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူညီမျှအခွင့်အရေး ရရှိအောင် လုပ်ဆောင်ပေးနိုင်ပါက ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါကြောင်း အိတ်ဖွင့်ပေးစာနဲ့ ရေးသားပေးပို့အပ်ပါတယ်။ ။

ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ သြဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင်ထားရှိပါ။

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေထသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။ အခြားသူများကိုမျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြိုးပါက မြစ်ှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ။

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွှေ့ချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေထသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကိုပိတ်ထားပါ။

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်။

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့မသွားပါနှင့်။

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ။

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကိုမယုံပါနှင့်။

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

(ဇ) ရေစိုပြီးအနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကိုဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မိသားစုဝင်ငွေတိုးစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

အုတ်တွင်း ဇူလိုင် ၇

တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးရွှေပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်း က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစောထွန်းဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး အမျိုးသမီး၀တ်အင်္ကျီအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်နှင့် ချိတ်စကပ်ချုပ်နည်းစသည်တို့ကို ဇူလိုင်လ ၆ ရက်မှ သြဂုတ်လ ၄ ရက်အထိ (၁) လ ကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး စက်တင်ဘာလ ၁၀ ရက်မှ ၂၄ ရက်အထိ မွမ်းမံသင်တန်းကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

သင်တန်းမှ အမှန်တကယ်ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းဖိုး



နှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး သိရသည်။
ပစ္စည်းများသုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း (၄၁၀)

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်) (၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ လ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**ဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင်ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဧန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဧန်နဝါရီလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဧန်နဝါရီလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)နှင့်(ခ)တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် (ခ)တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလအတွင်းတွင်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်) (၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ လ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန"ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့"ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့် စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်"ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလနောက်ဆုံးပတ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က)တွင်ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန"ဆိုသည့်စကားရပ်ကို "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၇

ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဟာသ်တမြို့ရှိသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ယနေ့အထိ သင်တန်း ၁၀၇ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဦးစီးဌာနမှ ဝန်ထမ်း ၁၇၇၅ ဦး၊ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်း ၂၀၃၆ ဦးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ ၇၆၀ ဦး စုစုပေါင်း ၄၅၇၁ ဦးကို သင်ကြားပို့ချနိုင်ခဲ့ကြောင်း၊ အဆိုပါ သင်ရိုးညွှန်းတမ်းများကို လက်တွေ့ကျကျ ပိုမိုအသုံးချနိုင်ရန် ပြင်ဆင်ဖြည့်စွက်သုံးသပ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးပွဲအစီအစဉ်အတိုင်း ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်နှစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး လက်ခံတွေ့ဆုံ

စစ်တွေ ဇူလိုင် ၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund– UNFPA) ၏ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ရွှေ့လျားဆေးခန်းများ၊ ကိုယ်ဝန်ဆောင်နှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ၊ အရေးပေါ်ဆေးကုသစရိတ် ထောက်ပံ့ပေးခြင်း၊ မွေးဖွားမိခင်များအား မွေးသန့်ထုပ်များ ဖြန့်ဝေခြင်းတို့ကို စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစခန်းများ၊ IDPs စခန်းများတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်



များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာယီနေရပ်စွန့်ခွာစခန်းများတွင် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကွင်းဆင်းစစ်ဆေး

မိုင်းရယ် ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မိုင်းရယ်မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများအား မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းဦးစီးရုံး၊ မြို့နယ်တရားရုံးနှင့် သမဝါယမဦးစီးဌာနတို့၌ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးငြိမ်းသတ်ရေးအတွက် တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမွန်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

(၁၆)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များ ကန်တော့ပွဲနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်



ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)က ကျင်းပသော (၁၆)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၄၈ ရပ်ကွက်ရှိ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးအိမ်ရာ(လူရွှင်တော်ရွာ)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၏ ဂုဏ်ပြုသီချင်းနှင့် ဂုဏ်ပြုမှတ်တမ်းတို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်ထောင်စုဝန်ကြီးကိုယ်စား မုဒိတာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ တို့ကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး မှတ်တမ်းဗီဒီယိုကလစ်အားပြသကာ အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အလှူရှင်များကလှူဒါန်းသည့် အလှူငွေများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ပရဟိတထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ကာ ဒုတိယဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ကြီးဟာသအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

မြဝတီ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကျင်းပ



နေပြည်တော် ဇူလိုင် ၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အ-ထ-က (၁) နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အ-ထ-က (၉) တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၁၄ ဦးတို့ကို ကော်မရှင်ရုံးခွဲရှိဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကိုအခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့သည်။

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင် မြို့တို့နှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းတို့၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°c	/	၃၂°c
ရန်ကုန်	၂၆°c	/	၃၄°c
မန္တလေး	၂၈°c	/	၃၄°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



ရုရှားဘာသာစကားနှင့် ယဉ်ကျေးမှု "Soul of Russia" အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်



ရန်ကုန် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်အဝေးသင်တက္ကသိုလ် ဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး သန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက်ကမာရွတ်မြို့နယ်လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ဖွံ့ဖြိုးရေးချိန်တွင် ဘတ်စကက်ဘော၊ ဝူဏူး၊ အေရိုးဗစ်၊ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်း(Fitness Dance) နှင့် ဘောလုံးအားကစားနည်းများ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ်ထားသော စတိုးဆိုင်၊ ကျောင်းသားနားနေခန်း၊ စာကြည့်တိုက်၊ ကိုရီးယားဘာသာစကားစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တက္ကသိုလ် COE ခန်းမ၌ ကျင်းပသည့် ရုရှားဘာသာစကားနှင့် ယဉ်ကျေးမှု "Soul of Russia" အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ရုရှား-မြန်မာချစ်ကြည်ရေး သရုပ်ဖော်ဖျော်ဖြေတင်ဆက်မှု၊ စာသင်ခန်းများတွင် ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်ရန်ကုန်တက္ကသိုလ်စိန်နဂါးခန်းမနှင့် တက္ကသိုလ်ဓမ္မာရုံတို့ကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဒဂုံတက္ကသိုလ်အဝေးသင်ဌာနခွဲတွင် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစဉ်များ ဖြန့်ဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

★ ရှေ့ဖုံးမှအဆက်

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လို

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာ စကားပြောကြားရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်**ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့်ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်စျေးနှုန်းများကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့်ဝယ်လိုအားများ မမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ထုတ်ကုန်ပစ္စည်းများတိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့်ရရှိသည့် နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကိုတင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေနှင့် ထွက်ငွေများမျှတနေမှသာ ကုန်စျေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပို့ကုန်များအရေအတွက်များများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ အဓိကသီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့ တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေးပို့ကုန်များအရေအတွက်များများထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းနှင့်များအနေဖြင့်စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း။

စက်သုံးဆီနှင့် စားသုံးဆီများ ပြည်ပမှတင်သွင်းမှုနှင့် သုံးစွဲမှု လျှော့ချနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျကြောင်း၊ သို့ဖြစ်၍ **သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့်ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့်ကိုက်ညီမှုရှိရန်နှင့်မှန်မှန်ကန်ကန်ဖြစ်ရန်လို**ကြောင်း၊ အလားတူ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ကာလတိုဆောင်ရွက်ခဲ့သည့် သုတေသနများနှင့် ကာလရှည်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေသုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့်စားသုံးဆီများကို နှစ်စဉ်ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများများစွာသုံးစွဲရလျက်ရှိကြောင်း၊ **စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှုလျှော့ချနိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့်ကျောက်မီးသွေးကိုအသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်**သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများအဆင့်မြှင့်တင်ခြင်း**များကို နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ဘက်ထရီစနစ်သုံးရထားစက်ခေါင်းများကိုတင်ဆင်ထုတ်လုပ်အသုံးပြုလျက်ရှိပြီး ထပ်မံ၍လည်းပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းနေရမှုများကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ **လုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးဖိတ်ခေါ်ဆောင်ရွက်သွားရန်လို**ကြောင်း၊ အလားတူအရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့် ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်းစသည့် ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့် အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပစျေးကွက် လိုအပ်ချက်များအထိ (Supply Chain) တစ်ခုလုံးကို သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် အခြေခံ



ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြစဉ်။

❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ် . . .

❖ ပို့ကုန်များ အရေအတွက်များများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လို . . .

❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ၊ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လို . . .

❖ စက်သုံးဆီနှင့် စားသုံးဆီများကိုတင်သွင်းမှုလျှော့ချနိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရန်လို၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကိုအသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင် . . .

❖ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့်မီးရထားများ အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိ . . .

❖ မိမိတို့နိုင်ငံသည် စပါးကိုအဓိကစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့်ဖွဲနုများမှ ဖွဲနုဆီများကိုထုတ်လုပ်ရရှိနိုင်၊ ပြည်တွင်းဖွဲနုဆီများထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို . . .

❖ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများလုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ် . . .

❖ ကုန်ပစ္စည်းများကို တရားမဝင်ရရှိထားသည့်ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုပြုနေခြင်းကို မိမိတို့အနေဖြင့်လက်ခံ၍ရမည်မဟုတ် . . .

စားကုန်များဖြစ်သည့်အသား၊ ငါးနှင့်မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်များအများအပြားရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့်အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ သို့သော်လည်း အချို့သောလမ်းကြောင်းများနှင့်ဒေသများ၌ လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အပြည့်အဝတင်ပို့နိုင်ခြင်းမရှိကြောင်း၊ **ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများလုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ကုန်ပစ္စည်းများကို မှောင်ခိုသွင်းခြင်း၊ တင်ပို့ခြင်းများ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများမရရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိသည့် ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲနေကြရခြင်းတို့ကိုကြုံတွေ့ခဲ့ကြရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အဂတိမှုများကို ကျူးလွန်ခဲ့ကြသည်ကို တွေ့မြင်ရကြောင်း၊ **ကုန်ပစ္စည်းများကိုတရားမဝင်ရရှိထားသည့် ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုပြုနေခြင်းကို မိမိတို့အနေဖြင့်လက်ခံ၍ရမည်မဟုတ်**ကြောင်း၊ ဝိသမလောဘသမားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာအောင် အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့် စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူလူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန်လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသ အသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များ အပြင် အခြားအခြေခံလိုအပ်ချက်များပြည့်မီနေရန်လိုကြောင်း၊ **ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**ကြောင်း၊PDF အမည်ခံအကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့် အချို့ဒေသများတွင်ပညာရေးပိုင်းဆိုင်ရာများ၌ ယခင်ကထက် သိသိသာသာအားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ အေးချမ်းစွာဖြင့်ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ်တတ်မြောက်မှုရှိစေရေးဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဝန်ကြီးများအနေဖြင့်လည်း မိမိတို့ဦးဆောင်ဦးရွက်ပြုကြရသည့် ကဏ္ဍများအလိုက် အမှန်တကယ်အလုပ်လုပ်ကြရန်လိုပြီး မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဒေသနှင့်နိုင်ငံအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

နိုင်ငံစီးပွားမြှင့်တင်ရေး အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

ယင်းနောက်နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံစီးပွားမြှင့်တင်ရေးအတွက်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်လျက်ရှိသည့်နိုင်ငံဖြစ်သဖြင့် Agro-Based Industry ကို မဖြစ်မနေ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွက် အခြေခံအကျဆုံးနှင့် အဖြစ်နိုင်ဆုံး ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်သည့် MSME ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ခရီးသွားကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံစီးပွားကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့်ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ဒေသအလိုက်ထုတ်လုပ်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေးမြင့် ကုန်ပစ္စည်းများဖြစ်ရန်လိုပြီး ထုပ်ပိုးမှုမှအစ အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့် ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာပိုင်ဆိုင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ခြင်းများအပါအဝင် အခြားထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် အဆင့်မြှင့်တင်ဆန်းသစ်ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဆင့်ဖြင့်တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကိုများစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း မည်ကဲ့သို့ကောင်းအောင်ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

မြဝတီ

PPIB News

လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများအား ပြည်တွင်း၌ အလုံးစုံတပ်ဆင်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်

လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းခြင်းအစား ပြည်တွင်း၌ အစမှအဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများရရှိနိုင်မည်ဖြစ်ကြောင်း၊ EV ကားများကို ပြည်တွင်း၌ အစမှအဆုံး အောင်မြင်အောင်ထုတ်လုပ်နိုင်မှသာလျှင် ပြည်သူများကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း၊ EV ကားများအား ပြည်တွင်း၌ပင် အစမှအဆုံး အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

Review, analyze, and find solutions for what the current administration can implement across all sectors to ensure state stability and development

NAY PYI TAW July 7

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair, the chief of General Staff (Army, Navy and Air), and officials. Region/state chief ministers attended the meeting through video conferencing.



President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting.

National economic development calls for increase in exportable good production

In his keynote address, the President said **the government is responsible for national development, and it must carry out this duty without fail, and this task calls for internal peace and stability.** It has been three months since the current administration took over the responsibilities of the State, and the committees, commissions of the respective sectors and the relevant ministries must assess their work progress monthly.

Economic development is the core of the country's progress. But the rising commodity prices have become the biggest challenge for the country, and its root causes are: imbalance between supply and demand, and the high production cost that is the result of fluctuations in currency value. In this regard, it is a must to boost domestic production as the exportable goods will be available only if there is production growth. This allows the country to use the foreign exchange it earns from exports to pay for imports. The country will be able to bring down the rising commodity prices to a certain level only if there is a balance between the State's income and expenditure. Hence, the ministries and the region/state governments should strive in all seriousness to boost production.

Systematic supervision of the ministries concerned is required to raise exportable goods production. The previous year saw a drop in agricultural exports due to a decrease in the export of the main crop, rice, and some other crops. Domestic entrepreneurs should invest more in agricultural production businesses to increase agro-exports through the production growth, while efforts should be made to raise export of rice, the country's main export item.

Means should be sought to reduce fuel and edible oil imports

The correctness of the basic statistical data plays a vital role in adopting projects for national progress. Here, the basic statistics and data submitted for each sector must be accurate and reflect real-world conditions. It is also necessary to review and implement the results of the short-term research programs, and long-term research programswithout fail for achieving success. The country has to spend a lot of foreign exchange to import fuel and edible oil annually. So, means should be sought to reduce fuel and oil imports. In so doing, **coal-burn power stations, which can be run with locally produced coal, should be set up to reduce fuel consumption for electricity demand.Solar power plants can also do the same.** Hence, the relevant ministries and regions and states should implement coal-burn power and solar-power projects.**The State is also improving the railways, a public transport and mass freight transportation system, extending train schedules and upgrading rail tracks and trains.** Moreover, it is using battery-run locomotives, which are suitable with the country, and striving to further modernize the railway industry. In this way, the country will be able to reduce fuel imports to a certain degree, and the program will contribute in some way to the economic development of the country.

He stated that **our country is a major rice-producing nation, and rice bran oil can be produced from the rice bran generated through milling processes.** Therefore, **to ensure domestic rice bran oil production, it is necessary to invite and facilitate investments from local ethnic entrepreneurs.** Similarly, to mill and produce quality-assured oil, the State needs to provide support for milling with high-quality oil mills. To ensure self-sufficiency in domestic edible oil, efforts must be made to increase the production of primary oilseed crops, such as peanuts, sesame, sunflowers, soybeans, and oil palms. The State government must conduct agricultural research to improve the yield of oilseed crops, and the Chief Ministers of the respective regions and states need to closely supervise and provide the necessary encouragement and support for agricultural producers.

In conducting the necessary research for respective agricultural and livestock businesses, it is essential to perform research to improve production as well as to research the entire supply chain, from the production stage to the demands of domestic and foreign markets. No matter what kind of business is being carried out, success can only be achieved if research is conducted systematically. Therefore, it is necessary to mandatory carry out research activities according to the respective sectors.

Conducting illegal trade is a loss for the State

As there is high market demand in our neighbouring countries for basic food items such as meat, fish, and kitchen crops, we can export and sell to those markets through border trade routes. However, full exportation cannot be achieved due to security restrictions along certain routes and areas. **In conducting trading activities, it is necessary to ensure that they are legal trades and to systematically inspect, supervise, and control them, as conducting illegal trade is a loss for the State.** Throughout successive eras, smuggling goods into and out of the country has resulted in the loss of proper revenues for the State and has forced the public to consume substandard goods, while also leading to instances of corruption among staff. **We must not tolerate the illegal trade of goods through**

See Page - 19►►

►► From Page - 18

illegal routes using illegally obtained funds. We must combat the economic market manipulation of unscrupulous, greedy individuals through legal trade. To boost the State economy, it is necessary to increase exports, and to achieve this, support must be given to increase production across respective ministries, regions, and states. Regarding security, efforts must be made to ensure that border trade gates can open as normal, and administrative officials also need to inspect and supervise operations to ensure they are systematic.

Encouraging the complete assembly and production of electric vehicles (EVs) domestically

Regarding electric vehicles (EVs), if the complete assembly and production can be carried out from start to finish domestically instead of importing from abroad, employment opportunities and technologies can be acquired. Only when EV cars can be successfully produced from start to finish domestically will the public be able to utilize them in large numbers at low costs. Everyone needs to make concerted efforts to successfully produce EV cars from start to finish domestically.

Children should be nurtured to excel academically while growing into disciplined, healthy, and well-rounded individuals

Regarding education, he said that students and young people should be educated not only to achieve academic excellence but also to develop into well-rounded individuals. He stressed that all schools should meet established standards and provide an environment that promotes both academic learning and the overall development of children. In addition to classroom education, schools should have adequate playgrounds, libraries, and other essential facilities to help nurture healthy, physically fit, and knowledgeable students. **Children should not be taught solely with the aim of passing grades or achieving high marks. Instead, they should be nurtured to become disciplined, morally grounded, healthy, physically fit, and capable individuals with strong abilities, in addition to achieving academic excellence.** He noted that educational standards have declined significantly in some areas where PDF terrorists are active. Stressing that a strong educational foundation is essential for long-term success, he called for teaching and learning activities to be carried out systematically. He also underscored the importance of ensuring that students can study in a peaceful environment and acquire genuine knowledge and skills. He further urged regional and state-level ministers to diligently fulfill their responsibilities within their respective sectors and effectively carry out the duties entrusted to them in order to contribute to the development of their regions and the country.

The Union Ministers and the Chief Ministers of the Regions and States then presented reports and updates on their respective sectors.

Need to make comprehensive efforts to promote national economic growth

In his concluding remarks, the President said that, as Myanmar is a developing country with an agriculture-based economy, priority must be given to developing agro-based industries. He added that the growth of micro, small, and medium-sized enterprises (MSMEs), which form the country's most fundamental and practical manufacturing sector, should be accelerated.

He said that the national economy can also be strengthened through the effective promotion of the tourism sector. **To support tourism development, attention should be given not only to regional security, scenic attractions, and transportation, but also to accommodation, food services, and the provision of quality hospitality.** He added that locally produced traditional and cultural products should meet high quality standards, with improved packaging to enhance their value and appeal.

He said that Myanmar is endowed with abundant natural resources, including favorable land and water resources and plentiful aquatic products. By increasing the production and export of aquatic products, as well as upgrading, innovating, and manufacturing various products to meet international quality standards, the country can expand exports to markets with strong demand and contribute to national economic growth. He emphasized that the most important factor is to make genuine efforts and take effective action. Rather than exporting domestic raw materials in their basic form, he highlighted the need to add value through MSME businesses by producing and exporting high-quality finished goods, which would significantly contribute to the development of the national economy. **He also stressed the importance of learning from past experiences and continuously reviewing, analyzing, and finding solutions to improve development efforts during the period of assigned responsibilities.** He urged Chief Ministers of Regions and States, along with relevant officials, to work with dedication and goodwill and make comprehensive efforts to promote the development of their respective regions. The meeting was then concluded.

Myawady

Tatmadaw military columns eliminate so-called PDF terrorists using schools in villages in Chauk Township, Magway Region, as their bases

NAY PYI TAW July 7

The government has been placing emphasis on enabling all school-aged children to go to school as high standards of education will accelerate the implementation of development tasks. Seeking their self-interests, so-called PDF terrorist insurgents, however, intimidated teachers, who teach students to distinguish between the right and the wrong and the good and the bad, in townships and villages in some regions and states, to become disloyality civil servants (DCS) under the threat of weapons, irrationally threatened to close schools and took positions in schools to use them as temporary military camps by building lines of communication and bunkers there.

In such moves, so-called PDF terrorist insurgents intimidated teachers in Chauk Township in Magway Region to become DCS under threat of weapons and took positions in schools in some villages to use them as temporary military camps, forcing some schools to close temporarily without continued opening.

As a result, Tatmadaw military columns have launched counter terrorism operations against the insurgents since 21 June, forcing them to withdraw with heavy casualties in disarray and seizing ammunition and equipment from them.

So-called PDF terrorist insurgents built communication lines and bunkers in houses and schools in villages in Chauk Township to use them as temporary military camps, not only undermining the right to education of school-aged children but also committing war crimes under the Geneva Conventions and the International Law by hindering high standards of education that contribute to regional development in one way or another and causing abhorrence of their acts among local residents.

Tatmadaw military columns will eliminate acts of terrorism committed irrationally by terrorist insurgents and take steps to reopen school as soon as possible and necessary security measures will be taken to reopen remaining schools and enable students in the area to study in peace of mind as quickly as possible in cooperation with the people.

100



A documentary photograph showing a temporary military base built in a school in Wingaba Village in Chauk Township by so-called PDF terrorist insurgents.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21

general elections. Characterized by the highest standards of transparency and a complete absence of electoral irregularities, this voting process was fully observed and validated by international experts and observers.

Regarding Electoral legitimacy, the recent national election saw 57 political parties compete, including 40 parties formed under the previous democratic government, while the NLD chose to boycott registration.Some illegal groups labeling this election as sham simply because a single party abstained shows complete contempt for the millions of citizens who voted. Despite threats of violence intended to disrupt the election, over 13.12 million citizens cast their votes out of 24.22 million eligible voters, representing a turnout of 54.22 percent. Therefore, the current Myanmar government, having held the election in strict accordance with the democratic process and the existing constitution, stands as a genuine, elected administration.

Having secured the support and recognition of numerous nations, the newly elected government is advancing with significant momentum to strengthen cooperation with international partners and regional powers. These efforts are firmly directed toward enhancing diplomatic relations, maintaining regional peace and stability, and fostering sustainable development.

On the ground, personnel from various United Nations agencies continue to engage constructively with national authorities, maintaining mutual understanding to execute UN programs despite the protracted vacancy of Myanmar's permanent representative seat at UN headquarters.To facilitate this cooperation, Union Minister for Foreign Affairs U Tin Maung Swe met with UN representatives in Nay Pyi Taw on June 26 to discuss internal developments, future plans, and cooperation under a policy of political neutrality and non-interference. Rather than having representatives like Ms. Julie Bishop amplify political challenges under the guise of UN authority, Myanmar requires practical development assistance to build long-term resilience for its economy and people.

Dear Mr. Secretary General,

Under the United Nations Charter, the sovereignty of every nation is paramount and must be respected. Myanmar possesses a clear desire to continue working in multilateral cooperation with the United Nations with responsibility and accountability.

The time has come for the United Nations to formally acknowledge Myanmar's concerted efforts toward peace, stability, development, and the preservation of democracy. **The credentialing of a legitimate representative proposed by the state is imperative to ensure meaningful cooperation between Myanmar and the international community, including the United Nations itself.**

It remains utterly unacceptable that an unlawful individual, a fugitive and a thief stripped of all legal standing, is permitted to exploit informal UN platforms to act as a spokesperson for terrorist entities. On behalf of the citizens who desire peace and stability, I urge the United Nations to address this issue immediately, uphold the principle of equal opportunity for all member states, and reinstate the official, accredited Ambassador and Permanent Representative of Myanmar.

It is my sincere belief that the credibility and reputation of the United Nations will be profoundly reinforced when the principle of sovereign equality for all member states is strictly observed, and the inherent rights of sovereign nations are respected in full compliance with the UN Charter.

Tatmadaw columns regain control of Kalewa-Yargyi-Monywa route temporarily held by terrorist insurgents; India-Myanmar bilateral trade flow and regional goods transport to resume without obstruction

NAY PYI TAW July 7

The Tatmadaw is making relentless, round-the-clock efforts—day and night—to restore regional goods flow and resume regional development activities in areas where terrorist insurgents have temporarily taken control and are carrying out acts of sabotage. These efforts are focused on reopening towns and villages, border trade routes, and regional communication lines under the temporary control of terrorist insurgents, as well as ensuring the security and socio-economic well-being of local residents through necessary territorial security and regional stability operations.

In the course of these operations, the military has been working hand-in-hand with the public since June 2 to regain control and reopen the Kalewa-Yargyi-Monywa road section—a vital border trade route connecting Tamu-Kalay to Kalewa-Monywa and extending onward to Mandalay in central Myanmar. As of today, that entire road section has been fully regained and reopened.

Military columns carried out phased territorial security operations, with preparatory regroupings, and successfully recaptured and secured a series of villages in sequence, beginning with Yaylekyun Village on June 2, followed by Kyauklongyitesu Village on June 3, Chaungma Village and Aung Mingala Village on June 6, Thityarpin Road Junction on June 7, Thityarpin Village on June 8, Winkone Village on June 9, Nyaungpinlay Village on June 11, Yargyi Village on June 13, Kunpinyay on June 15, Lapote Village on June 18, Sitlinchaung Village on June 21, and Htonegyi Village on June 22. By June 23, the columns had reached Kyaw Village, where they coordinated with local security forces to clear landmines that terrorist insurgents had maliciously planted along the stretch between Lapote and Kyaw villages, ensuring safe passage for local residents.

Continuing their accelerated security operations, military columns recaptured and secured Myayni Village on July 1, Sipinthar Village on July 2, Minetayatesu Village on July 3, and Thaegyantesu Village on July 6. By the evening of today, July 7, they were able to link up with security forces stationed at Kalewa, fully regaining control over the entire Kalewa-Yargyi-Monywa communication route that had been temporarily held by terrorist insurgents. As a result, travel and connectivity have now been restored from Kalewa-Kalay-Phalam-Hakha-Thantlang, from Kalewa-Kalay-Tedim-Tonzang-Kyikha, and from Kalewa-Monywa-Myinmu-Sagaing-Mandalay. Goods transport vehicles and civilian travelers will now be able to pass through as normal, and India-Myanmar bilateral trade flow and regional goods transport can resume without obstruction.

Today, the arriving Tatmadaw columns were warmly welcomed by departmental officials and local residents with victory flowers and floral garlands in joyful celebration.

During their security operations along the route, military columns engaged in clashes with combined terrorist insurgent groups, recovering insurgent bodies, weapons, ammunition, and related equipment, and capturing villages that had been used as bases by the insurgents. The combined terrorist groups reportedly suffered heavy casualties and fled in disarray.

The Kalewa-Yargyi-Monywa route is 115 miles long, paved with asphalt, and is a critical link connecting the Tamu-Kalay border trade route—essential for India-Myanmar bilateral trade—directly to the Monywa-Mandalay route. This makes it a fast, efficient, and time-saving corridor for goods movement.

By forcibly intimidating local residents, setting up camps in villages, and engaging in various destructive activities, the terrorist insurgents had cut off and blocked this communication route. This halted goods flow, causing soaring commodity prices and difficulties in exporting regional produce, while also depriving the area of the swift and convenient access to goods that border trade routes usually provide. As a result, local communities suffered significant socio-economic losses across multiple fronts.



Security forces arriving in Kalewa Town are warmly welcomed by departmental officials and local residents.

Moreover, the insurgents had extorted taxes from cargo trucks and passenger vehicles, carried out kidnappings, arrests, and killings, burned and destroyed vehicles, illegally extracted the State's valuable above-ground and underground natural resources and timber, and smuggled restricted goods for their own profit. Their temporary blockade also resulted in substantial losses of State tax revenues, while the local population lived in great fear and insecurity, deprived of peace and stability.

With the military columns now having fully recaptured and secured the Kalewa-Yargyi-Monywa route—so vital to India-Myanmar trade and regional goods transport—regional goods flow will become swift and smooth again. The areas dependent on this route will see renewed development, and travel time between Kalay and Monywa will be significantly shortened. Local residents will regain their security and peace, be able to resume their own businesses, and restore educational opportunities for school-age children, healthcare services, and overall socio-economic development.

Military columns will continue to clear landmines planted by combined terrorist insurgent groups along the route and in villages, repair roads and bridges damaged by the insurgents to restore normal use, and carry out necessary reconstruction efforts with the participation of local residents. Ongoing territorial security operations will be maintained to ensure that local people can live and travel in peace and confidence.


100

Open Letter to the UN Secretary- General (2)

Min Khant

Dear Mr. Secretary-General of the United Nations,

I have the honour to present my second open letter as a direct follow-up to my previous correspondence. In my first letter, I clearly pointed out the misguided actions of Ms. Julie Bishop, the UN Secretary-General's Special Envoy on Myanmar. This second communication directly addresses the United Nations regarding the critical issue of state representation. It serves as a letter of recommendation for the seating of a legitimate Permanent Representative to Myanmar.



The 2022 Violence Index Report, which part was retracted

Following the political transitions of 2021, the UN General Assembly's Credentials Committee suspended the delegation of power regarding Myanmar's representation. Consequently, Myanmar has been left without an official representative in formal UN bodies since 2021.

Although a formal replacement has not yet been accepted due to procedural actions within the Credentials Committee, Kyaw Moe Tun, who remains at the UN as an official fugitive, continues to represent the violent National Unity Government (NUG) in informal UN meetings and is actively executing policies aimed at destroying the nation's peace and stability.

Kyaw Moe Tun was originally appointed more than five years ago by the Previous (NLD) government, which subsequently fell due to widespread voter fraud. Because the administration that originally accredited him to the UN no longer exists, he can no longer be considered a legitimate state representative, acting instead as an agent for the exiled NUG.


The NUG is a terrorist group that violates state laws and practices a new style of terrorism that threatens the 21st-century global political scenario. Driven purely by political and personal interests, this group aims to destroy the entire country and its society rather than acting as a legitimate governing body. They systematically carry out targeted assassinations of civil servants, state workers who serve as the pillars of the state, and local ward and village administrators. Under their doctrine of "whoever does not support us is our enemy," they perpetrate extrajudicial killings of innocent civilians, mass bombings in public places, and the deliberate destruction of non-military infrastructure.

Most egregiously, the NUG's PDF terrorists, born from their policy of 'Utter Devastation,' deliberately target the education and healthcare sectors to create social chaos and demoralize the population. Turning a blind eye to this ongoing domestic violence, the fugitive Kyaw Moe Tun exploits the United Nations to frame legitimate counter-terrorism operations and the suppression of violent crime as oppression against the people. It is deeply disappointing that he manipulates unresolved procedural gaps within the Credentials Committee to speak at informal meetings as if he represents the country. This situation raises critical questions: **Is the UN Security Council devolving into a platform for supporters of terrorism? Is the United Nations Secretariat acting as an institutional enabler, facilitating the proliferation of a new form of global terrorism?**

According to the Global Terrorism Index (GTI) published by the Global Terrorism Trends and Analysis Center, Myanmar has reached its highest level of violence in the region since 2022. The reason for this increase was explained in their 2022 GTI report, which stated that the main perpetrators of these violent acts were NUG founded terrorist groups such as the KNLA, KNDF and CDF, as well as the PDF group. However, due to pressure from some international organizations seeking to politically cover up their violent acts, the report retracted these statements, but the records of the statements at that time still remain. These indicators are strong evidence that the international community has designated the NUG as a terrorist organization.

The position of Ambassador to the United Nations is reserved strictly for civil servants submitted by a legitimate national government. Following his gross violations of civil service regulations, Kyaw Moe Tun was officially dismissed by the Ministry of Foreign Affairs. Having acted on behalf of an armed insurgent group targeting the state, his citizenship has been officially terminated, legally establishing his status as both a traitor and a fugitive.


Furthermore, undeniable evidence of financial corruption has emerged involving over 2.6 million USD from the national treasury, which was deposited at the Bank of America for the use of the Myanmar Embassy in New York. These funds were stolen and used without clearing the accounts, despite originally being intended for embassy salaries, operational expenses, and Myanmar's annual contributions to the United Nations.



President	About	Meetings	Main Committees	Newsroom	Documents	All Sessions
50	Cambodia			168,320	21-Apr-20	
51	Andorra			140,266	24-Apr-20	
52	Albania			224,427	28-Apr-20	
53	China			336,780,502	1-May-20	
54	Mauritius			308,587	7-May-20	
55	Republic of Moldova			84,160	12-May-20	
56	Slovenia			2,132,055	13-May-20	
57	Tonga			28,053	26-May-20	
58	Cote d'Ivoire			364,694	1-Jun-20	
59	Guyana			56,107	1-Jun-20	
60	Myanmar			280,534	1-Jun-20	
61	Botswana			392,747	8-Jun-20	
62	Lao People's Democratic Republic			140,266	9-Jun-20	
63	Saint Vincent and the Grenadines			28,053	10-Jun-20	
64	Nicaragua			140,266	11-Jun-20	
65	Gabon			420,800	22-Jun-20	
66	Mali			112,213	29-Jun-20	

A table shows Myanmar's Annual Contribution to the United Nations (UN) Membership Fee

Reports indicate that the fugitive Kyaw Moe Tun claimed on social media to have made three separate payments for the annual assessed contributions since 2021: one from the existing national budget (i.e., $300,000) and two from NUG budgets (i.e., $600,000).In an effort to retain his UN voting rights, the outlaw Kyaw Moe Tun allegedly defrauded the NUG by falsely claiming the funds were required for official annual assessed contributions. Significantly, he misappropriated $2.6 million in national treasury funds deposited at the Bank of America for his own personal gain, as he has failed to provide a detailed accounting of these cash assets.It must be clearly stated that on the national stage, Kyaw Moe Tun is widely condemned, carrying a notorious reputation as a traitor, an outlaw, a fraudster, and a thief.



Infographic of Myanmar Multi-Party Democratic General Election

The current newly elected government of Myanmar stands ready to engage in constructive cooperation on the UN stage, pursuing every right of a full-fledged sovereign member of the organization, especially with the annual UNGA approaching soon.In strict adherence to Chapter 1, Article 2, Paragraph 1 of the United Nations Charter, Myanmar affirms that all nations possess inherent sovereign equality, and no external entity, including the United Nations itself, has the authority to intervene in the internal affairs of a sovereign state.

Myanmar and its citizens have suffered severe disadvantages because the post of Permanent Representative to the United Nations has remained vacant since 2021. This deprivation is directly attributable to the 2021 political transition.

In truth, the 2021 transition was precipitated not by a military coup but by the extraconstitutional and illicit maneuvers of political actors seeking to seize state power. Therefore, the Myanmar Military temporarily stepped in to exercise sovereign authority, acting in full compliance with the country's constitutional legal framework. Due to the reckless actions of political actors who opted to challenge national sovereignty through armed insurgency and terrorism instead of utilizing established political channels, public peace and state stability have been disrupted in various regions, undermining the future of the nation's youth.


Notwithstanding these regional disruptions, the Myanmar Military, temporarily exercising sovereign authority, remained fully committed to its core mandate, namely the Three Main National Causes. In fulfillment of this commitment, it successfully executed a free and fair multiparty democratic general election in three distinct phases, reflecting the true will of the citizens of Myanmar.

The state administration established during the 2021 political transition has fulfilled its mandate by organizing the transparent, free and fair 2025–2026

See Page - 20 ●●

(၇၉)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်ကြမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်



အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

ပြင်းထန်တဲ့အပူချိန်အောက်မှာ အရည်ပျော်ကျလာနေတဲ့ ဥရောပရဲ့စီးပွားရေး

စီးပွားရေးတိုးတက်မှု နှေးကွေးတာ၊ လျှပ်စစ်ခပိုမိုကျသင့်တာနဲ့ စားသောက်ကုန်ဈေးနှုန်းတက်လာတာတွေက လူတွေရဲ့ တကယ်တမ်းဝယ်ယူစားသောက်နိုင်စွမ်းကို ဖြည်းဖြည်းချင်း တိုက်စားဖျက်ဆီးပစ်



အနောက်ဥရောပနိုင်ငံတွေမှာ စံချိန်တင်လောက်အောင်ပြင်းထန်တဲ့ အပူလှိုင်းဒဏ်ကို ထပ်ပြီးတော့ ခံစားနေရပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ် ကျော်လွန်သွားခဲ့ပါပြီ။ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနဲ့ ဆွစ်ဇာလန်မှာ ဇွန်လအတွက် သမိုင်းတစ်လျှောက်အပူဆုံး စံချိန်တွေကိုချိုးပြီး အပူရှိန်ပြင်းလွန်းတာကြောင့် လမ်းပန်းဆက်သွယ်ရေးတွေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွေနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေပါ အားလုံး ကမောက်ကမ ဖြစ်ကုန်ကြပါတယ်။

အခုလိုပြင်းထန်တဲ့အပူချိန်က ဥရောပသမဂ္ဂ (EU) ရဲ့ အားနည်းနေတဲ့ စီးပွားရေးအပေါ်မှာ ယူရိုဇွေ ဘီလီယံနဲ့ချီတဲ့ ဆုံးရှုံးမှုကြီးကို ဖန်တီးနေတာပါ။ ခြောက်သွေ့နေတဲ့ လယ်ကွင်းတွေကနေစလို့ အလုပ်ပိတ်ထားရတဲ့ စက်ရုံတွေအထိ ဥရောပဒေသတစ်ခုလုံးဟာ ကြီးစွာသောဒုက္ခတွေကို မျက်မြင်ကိုယ်တွေ့ခံစားနေရတာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်တဲ့ ဒီလိုအပူလှိုင်းတွေက ခဏတာမျှနဲ့ပြီးသွားမယ့် အရာမျိုးမဟုတ်တော့ဘဲ စီးပွားရေးရဲ့ရေရှည်တည်ဆောက်ပုံကိုပါထိခိုက်မယ့် မက်ခရိစီးပွားရေးဆိုင်ရာ အန္တရာယ်ကြီးတစ်ခုဖြစ်လာပြီလို့ စီးပွားရေးပညာရှင်တွေက သတိပေးနေကြပါတယ်။

ဒီလိုမျိုး အပူချိန်လွန်ကဲမှုကြောင့် စီးပွားရေးမှာ ချက်ချင်းလက်ငင်း ခံစားရတဲ့ အရှုံးကတော့ လူတွေရဲ့အလုပ်လုပ်နိုင်စွမ်းကျဆင်းသွားတာပါပဲ။ ဂျာမနီမှအာမခံကုမ္ပဏီတစ်ခုဖြစ်တဲ့ Allianz Trade ရဲ့ တွက်ချက်မှုအရ ရာသီဥတုမှာ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ကနေ ၃၅ ဒီဂရီစင်တီဂရိတ်ကြားရောက်သွားပြီး ၁ ဒီဂရီစင်တီဂရိတ်တိုးလာတိုင်း အလုပ်သမားတစ်ဦးရဲ့ တစ်နာရီ ကုန်ထုတ်လုပ်မှုဟာ ၁ ဒေါ်လာခွဲလျော့ကျသွားတတ်တယ်လို့သိရပါတယ်။ ဒါဟာ ပျမ်းမျှတစ်နာရီထွက်ရှိတဲ့ကုန်ထုတ်လုပ်မှုနှုန်းရဲ့ ၃ ရာခိုင်နှုန်းနီးပါးရှိတာပါ။ အထူးသဖြင့်နေပူထဲအလုပ်လုပ်ရပြီးကာယလုပ်အားအဓိကသုံးရတဲ့ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနဲ့ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာရှိတဲ့ အလုပ်သမားတွေဟာ ဒီလိုအပူချိန် မျိုးမှာ အလုပ် လုပ် ဖို့ တော်တော်လေး ရုန်းကန်နေရပါတယ်။

အပူလှိုင်းတွေဟာ သာမန်ရာသီဥတု ဖြစ်စဉ်တစ်ခုအဆင့်ကနေ စီးပွားရေးကို လှုပ်ခါပစ်နိုင်တဲ့ အဓိကစီးပွားရေးပြောင်းလဲမှုတစ်ခုဖြစ်လာခဲ့ပါပြီ။ ဒါဟာ ကိုဗစ်-၁၉ ကာလမှာ လေ့ဒေါင်းချထားတုန်းက အခြေအနေတွေနဲ့တောင် ခပ်ဆင်ဆင်တူနေပါတယ်။ "အခုခေတ်မှာ အပူချိန်တိုင်းတဲ့ ဒိုင်ခွက်တွေဟာ စီးပွားရေးတိုးတက်မှုကို ကြိုတင်ခန့်မှန်းပေးတဲ့ အညွှန်းကိန်းတစ်ခု ဖြစ်လာနေပြီ" လို့ ING ရဲ့တစ်ကမ္ဘာလုံးဆိုင်ရာ မက်ခရိသုတေသနအဖွဲ့ အကြီးအကဲ ကာစတင်ဘရီစကီးက ဆိုထားပြီး အပူလှိုင်းတွေဟာ ဥရောပရဲ့စီးပွားရေးတိုးတက်မှုအတွက် အန္တရာယ်အသစ်တစ်ခုဖြစ်လာတယ်လို့ သတိပေးထားပါတယ်။

ဂျာမနီဟာ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် ရာသီဥတုအသင့်အတင့်ပဲ ရှိတယ်ဆိုပေမယ့် ၂၀၃၀ ပြည့်နှစ်အရောက်မှာတော့ အပူလှိုင်းကြောင့် စုစုပေါင်းစီးပွားရေးဆုံးရှုံးမှုမှာ ဥရောပရဲ့ တတိယအဆင့်အထိ ရောက်သွားနိုင်တယ်လို့ ဘရီစကီးက ပြောပါတယ်။ အကြောင်းရင်းကတော့ ဂျာမနီရဲ့ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံတွေ၊ အိမ်ရာအဆောက်အအုံတွေနဲ့ ကာယလုပ်အားသုံး စက်မှုလုပ်ငန်းတွေဟာ ပိုပြီးအေးမြတဲ့ရာသီဥတုအတွက်ပဲရည်ရွယ်ပြီး တည်ဆောက်ထားခဲ့လို့ဖြစ်ပါတယ်။

လက်ရှိအပူချိန်က ဥရောပရဲ့ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံကို တကယ့်ကိုပဲ အရည်ပျော် ပျက်စီးစေနေတာပါ။ အနောက်ဥရောပဒေသတစ်ခွင်မှာ ကားလမ်းတွေအက်ကွဲတာ၊ ရထားသံလမ်းတွေ ကွေးကောက်တာနဲ့ ဓာတ်ရထားကွန်ရက် လုံးဝရပ်တန့်ကုန်တာမျိုးတွေ ဖြစ်နေပါတယ်။ ဒီပျက်စီးမှုတွေက ကားလမ်းနဲ့ ရထားလမ်းတွေတင်မကပါဘူး။ ဥရောပရဲ့ အစည်ကားဆုံးကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်တဲ့ ရိုင်းမြစ်မှာ ရေမျက်နှာပြင်တွေဟာ အလွန်အမင်း ကျဆင်းသွားပါတယ်။ ဒါကြောင့် ကုန်တင်သင်္ဘောတွေဟာ ပုံမှန်တင်ဆောင်နိုင်တဲ့ ပမာဏထက် များစွာလျှော့ချတင်ဆောင်နေရပါတယ်။ ဒီလိုမျိုးကန့်သတ်ချက်တွေကြောင့် ကုန်စည်ပို့ဆောင်ရေးခတွေဈေးတက်ကုန်ပြီး စက်သုံးဆီ၊ ဓာတုပစ္စည်းနဲ့ စက်မှုကုန်ကြမ်းပေးပို့မှုတွေ ပြတ်တောက်ကုန်တာကြောင့် ကုမ္ပဏီကြီးတွေဟာ လုပ်ငန်းလည်ပတ်မှုတွေကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနေရပါတယ်။

တစ်ဖက်မှာလည်း အပူချိန်ပြင်းတော့ လူတွေက အဲကွန်းတွေကိုပိုသုံးလာကြပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုက ထိုးတက်သွားပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကလည်း ကျဆင်းလာနေပါတယ်။ စွမ်းအင်ဈေးကွက်သတင်းအချက်အလက်အဖွဲ့တစ်ခုဖြစ်တဲ့ Montel ရဲ့ ဖော်ပြချက်အရ ညနေပိုင်းလျှပ်စစ်အသုံးအများဆုံး အချိန်တွေမှာ ဘယ်ဂျီယံနိုင်ငံရဲ့ ၁၅ မိနစ်စာ လျှပ်စစ်အသုံးပြုခဟာ ၁ မဂ္ဂါဝပ်နာရီကို ၁၀၃၈ ယူရိုအထိ စံချိန်တင်တက်သွားပြီး ဂျာမနီမှာလည်း ၁ မဂ္ဂါဝပ်နာရီကို ၇၄၇ ယူရိုအထိရောက်ရှိခဲ့ပါတယ်။

အပူချိန်မြင့်လွန်းတဲ့အခါ ဆိုလာပြားတွေနဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေရဲ့ စွမ်းဆောင်ရည်က ကျဆင်းသွားတတ်သလို ရှူကလီးယားစက်ရုံတချို့ ဆိုရင်လည်း စက်ရုံအအေးခံဖို့သုံးရတဲ့ မြစ်ရေတွေက ပူလွန်းနေတာကြောင့် ဓာတ်အားထုတ်လုပ်မှုကို လျှော့ချတာ ဒါမှမဟုတ် လုံးဝရပ်နားတာမျိုးတွေ လုပ်ရပါတယ်။ ဒီအခြေအနေက ဥရောပကိုယ်တိုင်ဖန်တီးခဲ့တဲ့ စွမ်းအင်အကျပ်အတည်းကိုလည်း အထင်အရှားဖော်ပြနေပါတယ်။ ဥရောပသမဂ္ဂဟာ ရုရှားအပေါ် ပိတ်ဆို့မှုတွေလုပ်ပြီး ရုရှားစွမ်းအင်အပေါ်မှီခိုမှုမှ ရုန်းထွက်ဖို့ကြိုးစားခြင်းဟာ အခုတော့ အဖိုးအခကြီးကြီးပေးနေရပါပြီ။

ဥရောပသမဂ္ဂအနေနဲ့ ဈေးသက်သာတဲ့ ရုရှားမှ သဘာဝဓာတ်ငွေ့ဝယ်ယူမှုကို လျှော့ချလိုက်တဲ့အခါမှာ အမေရိကန်ရဲ့ သဘာဝဓာတ်ငွေ့အရည်ပေါ်ကိုပဲ လုံးလုံးလျားလျား မှီခိုလာရပါတယ်။ Bruegel အဖွဲ့ရဲ့ အချက်အလက်အရ ၂၀၂၆ ခုနှစ်မှာ အမေရိကန်ရဲ့ သဘာဝဓာတ်ငွေ့အရည်ဟာ ဥရောပရဲ့သွင်းကုန်စုစုပေါင်းအနက် ၅၉ ရာခိုင်နှုန်းရှိပြီး ဗြေလမှာဆိုရင် ၆၄ ရာခိုင်နှုန်းကျော်အထိ ရှိလာခဲ့ပါတယ်။ လေ့လာဆန်းစစ်သူတွေကတော့ အခုလို ထောက်ပံ့သူတစ်ဦးတည်းအပေါ် အလွန်အမင်း မှီခိုနေရတာဟာ စွမ်းအင်ဈေးနှုန်းရုတ်တရက်တက်သွားတာမျိုး ဒါမှမဟုတ် ထောက်ပံ့မှု ပြတ်တောက်တာမျိုးကြုံရတဲ့အခါ ဥရောပသမဂ္ဂကို ပိုပြီးထိခိုက်လွယ်စေတယ်လို့ သတိပေးထားပါတယ်။

ဥရောပသမဂ္ဂဟာ ရုရှားရဲ့ဓာတ်ငွေ့ကို လုံးဝမသုံးတော့ဘူးလို့ ကြွေးကြော်ထားပေမယ့်လည်း လက်ရှိပေါက်ဈေးတွေနဲ့ပဲ ရုရှားဓာတ်ငွေ့ကို ဆက်ပြီးတော့ ဝယ်ယူနေရတုန်းပါပဲ။ အခုနှစ်ဝက်အတွင်းမှာ နော်ဝေနဲ့ အမေရိကန်ပြီးရင် ရုရှားဟာ ဥရောပရဲ့ တတိယအကြီးဆုံး ဓာတ်ငွေ့ရောင်းချသူဖြစ်လာပြီး ဓာတ်ငွေ့ပမာဏ ကုဗမီတာ ၂၂ ဒသမ ၁ ဘီလီယံခန့် ပေးပို့ခဲ့ရပါတယ်။ ဒါဟာ ဥရောပသမဂ္ဂတစ်ခုလုံးရဲ့ ဓာတ်ငွေ့သုံးစွဲမှုအနက် ၁၂ ရာခိုင်နှုန်းခန့်အထိရှိခဲ့ပါတယ်။

အပူလွန်ကဲမှုကြောင့်ဖြစ်တဲ့ စီးပွားရေးဆုံးရှုံးမှုက အလုပ်ချိန်တွေ ဆုံးရှုံးတာနဲ့ လျှပ်စစ်ခတွေ အဆမတန် တက်ကုန်တာ တင်မကပါဘူး။ ဒါဟာ ငွေကြေးဖောင်းပွမှုကို ပိုတွန်းအားပေးသလို စားသောက်ကုန်ဈေးနှုန်းတွေကို မြင့်တက်စေကာ ဥရောပဒေသတစ်ခုလုံးရဲ့ စီးပွားရေးတိုးတက်မှုကိုပါ လေးလံထိုင်းမှိုင်းသွားစေပါတယ်။ စိုက်ပျိုးရေးကဏ္ဍကတော့ အကြီးမားဆုံး ဖိအားအောက်ကို ရောက်နေတဲ့ကဏ္ဍတစ်ခုပါ။ တရစပ်ဖြစ်ပေါ်နေတဲ့ အပူလှိုင်းတွေနဲ့ မိုးခေါင်မှုတွေကြောင့် ဥရောပတောင်ပိုင်းနဲ့ အနောက်ပိုင်းမှာ စိုက်ပျိုးသီးနှံတွေပျက်စီးပြီး လယ်ယာမြေတွေ ခြောက်သွေ့ကာ အထွက်နှုန်းတွေ သိသိသာသာကျဆင်းသွားခဲ့ပါတယ်။

ဥရောပဗဟိုဘဏ်ရဲ့ ခန့်မှန်းချက်အရ ၂၀၂၂ ခုနှစ်က ကြုံခဲ့ရတဲ့ မိုးခေါင်မှုတစ်ခုတည်းမှာတင် ဥရောပသမဂ္ဂတစ်ခုလုံးရဲ့ စားသောက်ကုန် ငွေကြေးဖောင်းပွမှုနှုန်းကို သုည ဒသမ ၇ ရာခိုင်နှုန်းလောက်အထိ မြင့်တက်စေခဲ့ပါတယ်။ အခုနောက်ထပ် ပြင်းထန်တဲ့ အပူလှိုင်းဒဏ်ကို ခံနေရတာကြောင့် ရာသီဥတုအပေါ် မူတည်နေရတဲ့ အခြေခံစားသောက်ကုန်တွေဟာ နောက်တစ်ကြိမ်ထပ်ပြီး ဈေးကြီးလာနိုင်တယ်လို့ စီးပွားရေးပညာရှင်တွေက သတိပေးနေကြပါတယ်။

အဆုံးသတ်မှာတော့ ဥရောပဒေသမှာ ရှိတဲ့အခြေခံပြည်သူတွေနဲ့ အိမ်ထောင်စုတွေပဲ ဒီဒဏ်ကိုခံကြရတာပါ။ ဒီစီးပွားရေးထိခိုက်မှုတွေဟာ ရာသီဥတုပြန်အေးသွားရုံနဲ့ပြီးသွားတာမျိုးမဟုတ်ပါဘူး။ သုတေသနပြုချက်တွေအရ ပြင်းထန်တဲ့ အပူလှိုင်းတစ်ခုကြုံတွေ့ပြီးတဲ့နောက် တစ်နှစ်တာအတွင်းမှာ စီးပွားရေးလှုပ်ရှားမှုတွေဟာ ၁ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားတတ်ပြီး ဒုတိယနှစ်ထဲ ရောက်တဲ့အခါမှာတော့ ကမောက်ကမဖြစ်သွားတဲ့ ကုန်ထုတ်လုပ်မှု၊ ပျက်စီးသွားတဲ့ အခြေခံအဆောက်အအုံနဲ့ အားနည်းသွားတဲ့ရင်းနှီးမြှုပ်နှံမှုတွေကြောင့် စီးပွားရေးအရှုံးဟာ ၁ ဒသမ ၅ ရာခိုင်နှုန်းလောက် အထိ ပိုပြီးနက်ရှိုင်းသွားတတ်ပါတယ်။

လေ့လာမှုတွေအရရာသီဥတုပြောင်းလဲမှုကြောင့် ဒီရာစုနှစ်အတွင်းမှာ ပျမ်းမျှဥရောပသားတစ်ယောက်ရဲ့ ဝင်ငွေဟာ ၃ ရာခိုင်နှုန်းအထိ လျော့ကျသွားနိုင်တယ်လို့ ဆိုပါတယ်။ အကြောင်းရင်းက စီးပွားရေးတိုးတက်မှု နှေးကွေးတာ၊ လျှပ်စစ်ခပိုမိုကျသင့်တာနဲ့ စားသောက်ကုန်ဈေးနှုန်းတက်လာတာတွေက လူတွေရဲ့ တကယ်တမ်းဝယ်ယူစားသောက်နိုင်စွမ်းကို ဖြည်းဖြည်းချင်း တိုက်စားဖျက်ဆီးပစ်လို့ဖြစ်ပါတယ်။

ဥရောပရဲ့ အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံဟာ ၂၀၂၄ ခုနှစ်မှာ စီးပွားရေးကျဆင်းမှုနဲ့ ကြုံတွေ့ခဲ့ရပြီး အခုထိ စီးပွားရေးအရှိန်ပြန်မတက်နိုင်ဘဲ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ စီးပွားရေးပညာရှင်တွေကတော့ စွမ်းအင်စရိတ်ကြီးမြင့်မှု၊ စက်မှုကုန်ထုတ်လုပ်မှု အားနည်းမှုတွေအပြင် ဒီပြင်းထန်တဲ့ အပူဒဏ်ဟာလည်း ဂျာမနီစီးပွားရေးကို နောက်ဆွဲနေတဲ့ ရေရှည်အဟန့်အတားကြီးတစ်ခုဖြစ်တယ်လို့ သတ်မှတ်လာကြပါတယ်။

Allianz Trade ရဲ့ အဆိုအရရာသီဥတုနဲ့ပတ်သက်တဲ့ ဆုံးရှုံးမှုတွေကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဥရောပသမဂ္ဂရဲ့ GDP က ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ပါတယ်။ နိုင်ငံအလိုက်ကြည့်မယ်ဆိုရင်တော့ ပြင်သစ်နိုင်ငံက ဒေါ်လာဘီလီယံ ၂၄၀ ခန့် ဆုံးရှုံးပြီး အထိခိုက်ဆုံးဖြစ်လာနိုင်ကာ အီတလီက ဒေါ်လာဘီလီယံ ၁၄၀၊ ဂျာမနီက ဒေါ်လာ ၁၃၁ ဘီလီယံနဲ့ စပိန်က ဒေါ်လာဘီလီယံ ၁၂၀ ခန့် အသီးသီးအထိနာဆုံးနိုင်ငံတွေဖြစ်လာနိုင်ကြောင်းရေးသားတင်ပြလိုက်ရပါတယ်။ ။ **Ref: RT**

ထက်မြတ်

ဟော်မုရေလက်ကြားအနီးတွင် တစ်ရက်အတွင်း ရေနံတင်သင်္ဘော်သုံးစင်း တိုက်ခိုက်ခံရ

လန်ဒန်၊ တိုက်ခိုက်မှု

ဟော်မုရေလက်ကြားကို ဖြတ်သန်းမောင်းနှင်နေသည့် ရေနံတင်သင်္ဘော်သုံးစင်းသည် တစ်ရက်တည်းမှာပင် သီးခြားစီတိုက်ခိုက်ခံရကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုလုပ်ငန်းက ဇူလိုင်လ ၇ ရက်တွင်ထုတ်ပြန်သည်။ အဆိုပါတိုက်ခိုက်မှုများအတွင်း လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရသည်။

ပထမဆုံးဖြစ်စဉ်မှာ ဇူလိုင်လ ၆ ရက်ညပိုင်းတွင် အိုမန်နိုင်ငံ လီမာမြို့၏အရှေ့ဘက် ရေမိုင် ၈ မိုင်ခန့် အကွာ၌ တောင်ဘက်သို့ မောင်းနှင်လာသော ရေနံတင်ဆင်္ဘော်တစ်စင်း၏ ဘယ်ဘက်ကုန်းပတ်ကို မည်သည့်အရာမှန်းမသိရသေးသော ခဲယမ်းတစ်မျိုးထိမှန်ရာ သင်္ဘော်ပေါ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ ဒုတိယဖြစ်စဉ်တွင်လည်း အခြားရေနံတင်သင်္ဘော်တစ်စင်းကို အလားတူ ခဲယမ်းထိမှန်ပြီး သင်္ဘော်ကိုယ်ထည် အနည်းငယ်ပျက်စီးသွားသည်ဟု ယူဆရသည်။

နောက်ဆုံးတိုက်ခိုက်မှုတွင်မူ ရေနံတင်သင်္ဘော်တစ်စင်းကို ဒရုန်းဖြင့်တိုက်ခိုက်ခြင်းဖြစ်ပြီး သင်္ဘော်ကိုယ်ထည် အနည်းငယ်ပျက်စီးခဲ့သော်လည်း ၎င်း၏ ဦးတည်ရာဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်းသိရသည်။

Ref: Xinhua



တရုတ်နိုင်ငံတွင် မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူ ၁၇ ဦးအထိ မြင့်တက်



ပေကျင်း၊ ရာသီဥတု

တရုတ်နိုင်ငံရှိ ဒေသအချို့တွင် ပြင်းထန်သော မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေမှာ ဇူလိုင်လ ၇ ရက်တွင် ၁၇ ဦးအထိမြင့်တက်လာပြီး လူပေါင်းရာနှင့်ချီဒဏ်ရာရရှိကာ သောင်းနှင့်ချီသော ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြထားသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်အားစိုက်လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

နိုင်ငံပိုင် ရုပ်သံလိုင်းဖြစ်သော CCTV ၏ ဗီဒီယိုမှတ်တမ်းများအရ မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံရသည့် ကွမ်ရီးဒေသရှိ ဆည်တစ်ခုကျိုးပြီး ရွှံ့ညွန်များပါဝင်သည့် ရေစီးကြောင်းများမှာ ကွန်ကရစ်တံတိုင်းများကို ဖြိုဖျက်ကာ ပြင်းထန်စွာစီးဆင်းနေသည်ကိုတွေ့ရသည်။ ကယ်ဆယ်ရေးသမားများသည် အသက်ကယ်အင်္ကျီများဝတ်ဆင်ကာ လေထိုးလှေများဖြင့် ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေနေပြီး တာဝန်ရှိသူများကလည်း အိုးအိမ်စွန့်ခွာရသူများအတွက် အရေးပေါ်ကယ်ဆယ်ရေးစခန်းများကို ဆောက်လုပ်ပေးထားကြောင်း သိရသည်။

Ref: ST

ကိုယ်ဝန်ဆောင်စဉ်ဖြစ်ပေါ်သည့် ကိုယ်ခံအား ကလာပ်စည်းများက ရင်သားကင်ဆာကိုကာကွယ်ပေးနိုင်

မဲဘုန်း၊ ကျန်းမာရေး

ကိုယ်ဝန်ဆောင်စဉ် ခန္ဓာကိုယ်မှ ထုတ်လုပ်ပေးသည့် ကိုယ်ခံအား ကလာပ်စည်းများသည် ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဩစတြေးလျနိုင်ငံမှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိသည်။ ယခုတွေ့ရှိမှုက သားသမီးမထွန်းကားဖူးသည့်အမျိုးသမီးများအတွက် ရင်သားကင်ဆာကြိုတင်ကာကွယ်ရေး ကုထုံးအသစ်များပေါ်ပေါက်လာစေရန် မျှော်လင့်ချက် မြင့်တက်စေသည်။

ကိုယ်ဝန်ဆောင်ခြင်းက ခန္ဓာကိုယ်အတွင်း ပုံမှန်မဟုတ်သော ကလာပ်စည်းများနှင့် ကင်ဆာကလာပ်စည်းများကို ရှာဖွေဖျက်ဆီးပေးသည့် T cells ဟုခေါ်သော ကိုယ်ခံအား ကလာပ်စည်းများကို ရင်သားတစ်သျှူးများဆီသို့ အလုံးအရင်းဖြင့် ရောက်လာစေကြောင်း ဩစတြေးလျနိုင်ငံ ပီတာမက်ဆယ်လန်ကင်ဆာစင်တာကထုတ်ပြန်ထားသည်။

သုတေသနပူးတွဲခေါင်းဆောင် ပါမောက္ခ ကာရာဘရစ်က Killer T cells များမြင့်မားစွာရှိနေခြင်းသည် အမျိုးသမီးများတွင်ကင်ဆာကလာပ်စည်းများကို ကြိုတင်သိရှိဖျက်ဆီးနိုင်စွမ်းနှင့် ဆက်စပ်နေသည်ဟု ရှင်းလင်းပြောထားသည်။ “ကျွန်မတို့လေ့လာတွေ့ရှိချက်အရ တစ်သျှူးတွေထဲမှာ ခိုအောင်းနေတဲ့ T cells တွေဟာ ကိုယ်ဝန်ဆောင်စဉ်ကာလမှာ စုဆောင်းမိလာပြီး ရင်သားတစ်သျှူးတွေထဲမှာ နှစ်ပေါင်းများစွာကြာအောင် ရှင်သန်နေထိုင်ကာ ပုံမှန်မဟုတ်တဲ့ ကလာပ်စည်းတွေကို ကင်းလှည့်သလိုမျိုး စောင့်ကြည့်ပြီး ဖျက်ဆီးပေးနေတာဖြစ်ပါတယ်” ဟု ၎င်းကဆိုသည်။ ထို့ပြင် ယခုတွေ့ရှိမှုကြောင့် အမျိုးသမီးများအတွက် ရင်သားကင်ဆာကို ကာကွယ်ပေးနိုင်မည့်ကုထုံးများကို ဖော်ဆောင်ပေးနိုင်တော့မည်ဟုသိရသည်။

Ref: Xinhua



နယူးဇီလန်နိုင်ငံ၌ ပြင်းထန်သော ရေကြီးမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာ

ဝယ်လင်တန်၊ ရာသီဥတု

နယူးဇီလန်နိုင်ငံရှိ ကိုင်ကိုရာခရိုင်၌ မိုးသည်းထန်စွာရွာသွန်းပြီး နောက် ကိုဟိုင်းမြစ်ရေလျှံကာ ကမ်းပါးများပြိုကျမှုကြောင့် ဇူလိုင်လ ၇ ရက်တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းမှုများနှင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပွားနေကြောင်း သိရသည်။

ဝေလငါးကြည့်ရှုခြင်းလုပ်ငန်းဖြင့် နိုင်ငံတကာတွင်လူသိများသော အဆိုပါကမ်းရိုးတန်းမြို့၏အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မြစ်ရေလျှံမှုများကြောင့် ကုန်းမြင့်ပိုင်းများသို့ ချက်ချင်းရွှေ့ပြောင်းကြရန် ဒေသခံအာဏာပိုင်များက တိုက်တွန်းထားသည်။ ကိုင်ကိုရာခရိုင်ကောင်စီက မြစ်ရေမလျှံမီ မိနစ်ပိုင်းအလိုတွင် ယခုကဲ့သို့ အရေးပေါ်အခြေအနေထုတ်ပြန်ခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှု အခြေအနေအသေးစိတ်ကိုမူ အတည် မပြုနိုင် သေးကြောင်း တာဝန်ရှိသူများကပြောသည်။

လက်ရှိတွင် အရေးပေါ်ကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ပေးထားပြီး ပြည်နယ်အဝေးပြေးလမ်းမကြီးအပါအဝင်အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ထားရသည်။ ထို့ပြင် တံတားတစ်စင်းမှာ ရေစီးနှင့်အတူ မျောပါပျက်စီးသွားသဖြင့် ပြည်တွင်းကုန်းလမ်းဝင်ပေါက်လည်း ပြတ်တောက်သွားသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဒေသအများအပြား၌ မိုးရေချိန် ၁၀၀ မီလီမီတာနှင့် ၂၀၀ မီလီမီတာကြား ရွာသွန်းထားကြောင်း သိရသည်။

Ref: Xinhua

ကမ္ဘောဒီးယားတွင် စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလာ



ဖန္ဒမ်းပင်၊ ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ် နှစ်ပတ်အတွင်း စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန၏ ဇူလိုင်လ ၇ ရက်ထုတ်ပြန်ချက်အရ သိရသည်။

ပုံမှန်ဓာတ်ဆီဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်ပတ်က တစ်လီတာလျှင် ၄၃၅၀ ရီရယ်ရှိခဲ့ရာမှ ဇ ဒသမ ၂ ရာခိုင်နှုန်းအထိ သိသိသာသာ ကျဆင်းသွားပြီး ၃၉၅၀ ရီရယ်သို့ ရောက်ရှိလာသည်။ ထို့အတူ ဒီဇယ်ဈေးနှုန်းသည်လည်း တစ်လီတာလျှင် ၄၂၅၀ ရီရယ်ရှိခဲ့ရာမှ ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ ၄၁၀၀ ရီရယ်သို့ ရောက်ရှိလာသည်။

သို့သော် လက်ရှိကျဆင်းသည့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ဖေဖော်ဝါရီလနှောင်းပိုင်းက အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများမဖြစ်ပွားမီအချိန်ကထက် အနည်းငယ်မျှ မြင့်မားနေဆဲဖြစ်ကြောင်းသိရသည်။ Ref: Xinhua

ဂရင်းလန်းကျွန်းကို အမေရိကန်ကသာ ထိန်းချုပ်သင့်ဟု ထရမ့်ထပ်ပြော

အန်ကာရာ၊ နိုင်ငံရေး

NATO အဖွဲ့ဝင်နိုင်ငံများထိပ်သီး အစည်းအဝေးအတွက် တူကီယေနိုင်ငံသို့ရောက်ရှိနေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်းကို ဒိန်းမတ်နိုင်ငံအစား အမေရိကန်ပြည်ထောင်စုကသာ ထိန်းချုပ်သင့်သည်ဟု ဇူလိုင်လ ၇ ရက်တွင် ထပ်ပြောလိုက်ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတစ်ခုဖြစ်သော ဂရင်းလန်းကျွန်းကို အမေရိကန်က သိမ်းပိုက်ရန် သို့မဟုတ် ထိန်းချုပ်ရန် ကြိုးပမ်းနေသည့် ထရမ့်၏ပြောဆို ချက်များကြောင့် NATO တပ်ဖွဲ့ကို ပူးတွဲတည်ထောင်ထားသည့် အမေရိကန်နှင့် ဒိန်းမတ်နိုင်ငံတို့ကြားတင်းမာမှုများ ပိုမိုမြင့်တက်လာပြီး ဥရောပတစ်ဝန်းတွင်လည်း ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေကြောင်း သိရသည်။ Ref: ST

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ၈လိုင် ၇

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၁၄ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ၈လိုင် ၇

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည့်ဝေနည်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၈ သင်းနှင့် အမျိုးသမီးအသင်း ၈ သင်းတို့ဖြင့် ဇူလိုင်လ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

၇-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ကိုးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ၈လိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ နီပေါနိုင်ငံသားတစ်ဦး၊ ယူဂန်ဒါနိုင်ငံသားတစ်ဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Nikita Belous နှင့်တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ၊ Office Of The Police Attache မှ Police Colonel Mr. Neftaly Adia Donato နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ နီပေါနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၅၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငြခိုးသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သတိထားရမည့် မိုးရာသီတွင် ဖြစ်တတ်သောရောဂါများ

"တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်သည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာမွှန်၊ ချောင်းဆိုး၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ အင်အားကုန်ခန်းမောပန်းခြင်းနှင့် အစားအသောက်ပျက်ခြင်းတို့သည် တုပ်ကွေးလက္ခဏာများဖြစ်သည်။

နောက်ဆက်တွဲရောဂါများအဖြစ် အသက်ရှူပြွန်ရောင်ခြင်း၊ နမိုးနီးယား (ခေါ်) အဆုတ်ရောင်ရောဂါဖြစ်ခြင်း၊ အာသီးများရောင်ခြင်း၊ အာသီးရောင်ခြင်းမှအစပြု၍ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများ လှုပ်ရှားမှုအားနည်းခြင်းတို့ဖြစ်တတ်သည် . . ."

ဝမ်းပျက်ဝမ်းလျှောရောဂါ

ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် မိုးရာသီရောက်တိုင်း နှစ်စဉ်ကူးစက်ပြန့်ပွားနေကျ ရောဂါတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေများ လျှံတက်လာသည်။ မကြာမီ ရေပြန်ကျသွားသော အခါ အညစ်အကြေးအနည်အနှစ်များ တင်ကျန်ရစ်ခဲ့ပြီး Vibrio Cholerae (ခေါ်) ဝမ်းရောဂါဖြစ်စေသော ကူးစက်ရောဂါပိုးမွှားများ ပေါက်ပွားမှုများပြားလာသည့်အတွက် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်လာရသည်။ ထို့ပြင် မိုးရွာ၍ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကလည်း ရောဂါပိုးကူးစက်ခံရရန် သေချာသလောက်ဖြစ်သည်။ မသန့်ရှင်းသည့် အစားအစာများ၊ သောက်သုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရမည်။ မရှောင်နိုင်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက် စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးများ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ် စိုးရိမ်ရသည်။

နာရီပိုင်းအတွင်း ဆန်ဆေးရည်အရောင်ကဲ့သို့ ဖြူကျဲကျဲဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်ရက်တည်းမှာပင် သုံးကြိမ်နှင့်အထက် ဝမ်းအရည်သက်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်း၍နုံးခွေခြင်း၊ အရည်ကောင်းစွာမသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအင်မီးမရသောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း စသည့် ရောဂါလက္ခဏာများပြပါက ဓာတ်ဆားရည်များများသောက်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသင့်သည်။ တခြားသူများသို့ ဝမ်းရောဂါမကူးစက်စေရန် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်း(အိမ်သာ)ကို ရေနှိုင်နိုင်လောင်းချရမည်။ ဝမ်းပျက်၊ ဝမ်းလျှောခြင်းကို ထိရောက်စွာကုသမှုမခံယူပါက ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သောကြောင့် လုံးဝမပေါ့ဆသင့်ပေ။

အအေးမိ နှာစေး ချောင်းဆိုးရောဂါ

မိုးရာသီရောက်တိုင်း အရွယ်သုံးပါးမရွေး တွေ့ကြုံရသည့် ကူးစက်ရာသီရောဂါတစ်မျိုးဖြစ်သည်။ အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါအစ မိုးမိခြင်းကဟု မှတ်သားသင့်သည်။ ထို့ကြောင့် မိုးမိလာပါက ရေစိုအဝတ်များ ချက်ချင်းလဲလှယ်ပါ၊ ဆံပင်စိုများကို ခြောက်သွေ့အောင်ပြုလုပ်၍ နွေးနွေးထွေးထွေးဖြစ်အောင် ရေနွေးပူပူသောက်ပါ။ ရုံး၊ ကျောင်း၊ ဘတ်စကား၊ ရထား၊ လေယာဉ်ကွင်း၊ ရုပ်ရှင်ရုံ စသည့် လူဦးရေထူထပ်သောနေရာများသို့သွားပါက ကိုယ်ခံအားမကောင်းသူများအနေဖြင့် ကူးစက်ဖြစ်ပွားနိုင်ခြေအလားအလာများသည်။ အအေးမိဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း အဖျားပျောက်ပြီးနောက် ချဲပါသောချောင်းဆိုးခြင်း ကျန်ခဲ့သည်။ တခြားသူများကို ဆက်လက်မကူးစက်အောင် လက်ကို စင်ကြယ်စွာဆေးကြောပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါ တစ်ခါသုံးတစ်သျှူးသုံး၍ စနစ်တကျစွန့်ပစ်ပါ။ အထူးသဖြင့် ကိုယ်ခံအားနည်းသောကလေးများနှင့် သက်ကြီးရွယ်အိုများသည် ဗိုင်းရပ်စ်ပိုးကူးစက်လွယ်၍ အချိန်မရွေးဖျားနာတတ်သဖြင့် အိမ်တွင် အအေးမိတုပ်ကွေးဖျားနာရောဂါ ပျောက်ဆေးများ အသင့်ဆောင်ထားခြင်း၊ ကိုယ်ခံအားကောင်းစေရန် ဗီတာမင်-C ဆေးပြားများ သောက်ခြင်း၊ ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များစားသုံးခြင်း၊ ချိုချဲချဉ်ချဉ်အရည်ရွှမ်းသော လိမ္မော်သီးစားခြင်း၊ ဖျော်ရည်၊ အအေးများနှင့် ဆီကြော်အစားအစာများ ရှောင်ခြင်း၊ နေ့စဉ်သွားလာနေကြသော ရုံးသူရုံးသား၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဝတ်အစား တစ်စုံ အပိုဆောင်ထားခြင်း စသည်ဖြင့် ကြိုတင်ကာကွယ်သင့်သည်။

တုပ်ကွေးရောဂါ

တုပ်ကွေးရောဂါသည် မိုးရာသီနှင့် မိုးမှဆောင်းရာသီအကူးအပြောင်းအချိန်များတွင် အများဆုံးဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုးများကြောင့် ရောဂါဖြစ်လာရသည်။ တုပ်ကွေးရောဂါကိုဖြစ်စေသော ဗိုင်းရပ်စ်များကို A၊ B၊ C ဟူ၍ အုပ်စုသုံးစုခွဲထားပြီး ယင်းတို့အနက် A အုပ်စုတွင်ပါဝင်သော ဗိုင်းရပ်စ်ပိုးများက အများဆုံးဒုက္ခပေးသည်။ အချိန်ပိုင်း၊ ရက်ပိုင်းအတွင်း အိမ်လုံးကျွတ်၊ ရွာလုံးကျွတ်ဆိုသကဲ့သို့ လူအစုလိုက်အပြုံလိုက် လျင်မြန်စွာကူးစက်စေသည်။ တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်သည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာမွှန်၊ ချောင်းဆိုး၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ အင်အားကုန်ခန်းမောပန်းခြင်းနှင့် အစားအသောက်ပျက်ခြင်းတို့သည် တုပ်ကွေးရောဂါလက္ခဏာများဖြစ်သည်။

နောက်ဆက်တွဲရောဂါများအဖြစ် အသက်ရှူပြွန်ရောင်ခြင်း၊ နမိုးနီးယား (ခေါ်) အဆုတ်ရောင်ရောဂါဖြစ်ခြင်း၊ အာသီးရောင်ခြင်း၊ အာသီးရောင်ခြင်းမှအစပြု၍ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများ လှုပ်ရှားမှုအားနည်းခြင်းတို့ဖြစ်တတ်သည်။ တုပ်ကွေးရောဂါသည် အသက်ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်သည်။ ထိုအရွယ်ရင်သွေးငယ်များအတွက် မိုးဦးကျမတိုင်မီကတည်းက တစ်နှစ်တစ်ကြိမ် တုပ်ကွေးကာကွယ်ဆေး ကြိုတင်ထိုးနှံပေးသင့်သည်။ လူကြီး၊ လူငယ်မရွေး ရောဂါဖြစ်နိုင်ပြီး အကယ်၍ အဆုတ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခန်းခြောက်ရောဂါအခံရှိသူများ တုပ်ကွေးရောဂါဖြစ်လာပါက အသက်အန္တရာယ်ရှိနိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါ

မြန်မာနိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်မားသည့်နိုင်ငံများထဲ၌ အပါအဝင်ဖြစ်ပြီး ပြည်တွင်း၌ ၁၉၆၅ ခုနှစ်မှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာသည်။ ယင်းရောဂါသည် မြန်မာနိုင်ငံ၌ တစ်နှစ်ပတ်လုံးဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး အထူးသဖြင့် မိုးရာသီတွင် အဖြစ်များသည်။ စစ်တမ်းများအရ အသက်သုံးနှစ်မှ ၅၅နှစ်အရွယ်တွင် ရောဂါအဖြစ်အများဆုံးတွေ့ရသည်။ အသက် ၁၅ နှစ်အောက်ဖြစ်ပွားနှုန်းများသည့်အပြင် လူကြီးများတွင် လည်းဖြစ်နိုင်၍ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အပိုင်းအခြားမရှိဖြစ်တတ်သော ရောဂါတစ်မျိုးဖြစ်သည်။ ရောဂါလက္ခဏာများမှာ နှစ်ရက်၊ သုံးရက်အတွင်း အပြင်းဖျားကာ ပျို့အန်ခြင်းဖြစ်ပြီး ခန္ဓာကိုယ်အနှံ့ အနီစက်များထွက်လာသည်။ ဆေးရုံ၊ ဆေးခန်းသို့မသွားမီ ဓာတ်ဆားရည်သောက်ပါ။ ပါရာစီတမောသောက်ပါ။ ရောဂါဖြစ်ချိန်မှစ၍ သုံးရက်မှ ငါးရက်အတွင်း ဆက်လက်ကိုယ်ပူနေခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ မကြာခဏဆိုသလို အညှိုရောင်အရည်များအော့အန်ခြင်း၊ မှိန်းနေခြင်း၊ ကတ္တရာစေးအရောင်ကဲ့သို့ ဝမ်းမည်းသွားခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်လာပါက အချိန်မဆိုင်းဘဲ ဆရာဝန်နှင့်ပြပါ။

သွေးလွန်တုပ်ကွေးရောဂါသည် ယင်းရောဂါပိုးသယ်ဆောင်လာသော ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပြန့်ပွားလာပြီး အထိရောက်ဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရစေရန်ဖြစ်သည်။ ထို့ကြောင့် အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့်အိပ်စက်ခြင်း၊ ခြင်ထောင်ကို ခြောက်လတစ်ကြိမ် ဆေးစိမ်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်နိုင်အောင် အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးပြုလုပ်၍ စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်း၊ ခြံတွင်း၊ ခြံပြင် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ကိုယ်ထူကိုယ်ထ ဖုံး-သွန်-လဲ-စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း စသည်တို့ ပြုလုပ်ပေးသင့်သည်။

ရာသီတုပ်ကွေး H1N1 ရောဂါ

Influenza A(H1N1) pdm 09 ရောဂါသည် လူတွင်သာ ဖြစ်ပွားတတ်သော ရာသီတုပ်ကွေးရောဂါဖြစ်ပြီး ကြက်၊ ငှက်၊ ဝက်တို့မှလာသော ရောဂါပိုးမဟုတ်ပါ။ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးတွင် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ၌ H1N1 တုပ်ကွေးရောဂါသည် ၂၀၀၉ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အများဆုံးဖြစ်ပွားခဲ့ကာ H1N1 ရောဂါပိုးတွေ့ရှိသူ ၂၃၂ ဦးအထိရှိခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ် ရာသီတုပ်ကွေးပြင်းထန်စွာခံစားရသူ သုံးသန်းမှ ငါးသန်းအထိရှိပြီး သေဆုံးသူနှစ်သိန်းခွဲမှ ငါးသိန်းအထိရှိကြောင်း သိရသည်။

အဆိုပါရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီး အသက်ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်နှင့် နာတာရှည်ရောဂါခံစားရသူများ၊ ဆီးချို၊ သွေးချိုရောဂါနှင့် နှလုံးရောဂါဖြစ်ပွားသူများ၊ လူဦးရေထူထပ်သောနေရာများသို့ နေ့စဉ်သွားလာနေကြရသူများ၊ ခရီးပန်းခြင်း သို့မဟုတ် အလုပ်ပင်ပန်းခြင်းကြောင့် ခံနိုင်ရည်အားကျဆင်းနေသူများတွင် H1N1 ပိုးကူးစက်ရန်လွယ်ကူသည်။ နှာချေခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက်များနာကျင်ကိုက်ခဲခြင်း၊ နုံးခွေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်းနှင့် သတိလစ်ခြင်းတို့သည် H1N1 ရောဂါလက္ခဏာများဖြစ်သည်။

ဝမ်းကိုက်ခြင်း

မိုးရာသီတွင်ဖြစ်လေ့ရှိသည့်ရောဂါတစ်ခုမှာ ဝမ်းကိုက်ခြင်းဖြစ်ပြီး လူကြီး၊ လူငယ်မရွေး ဖြစ်ပွားတတ်သည်။ ဝမ်းဗိုက်ထဲရစ်နာ၍ လွန်စွာခံစားရခက်ပြီး အချဲ့ပါသောဝမ်း(တချို့တွင် ဝမ်းအရည်)သက်သည်။ ပမာဏနည်းနည်းချင်းစီဖြင့် အကြိမ်ရေများစွာ ဝမ်းသက်တတ်သည်။ တချို့သူများတွင် ဖျားနာ၍ ကိုယ်လက်ကိုက်ခဲသည်။ ယင်နားစာများ၊ မသန့်ရှင်းသောအစားအစာနှင့်ရေများ စားသောက်မိခြင်းကြောင့် ရောဂါဖြစ်ပွားရသည်။ ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းဗိုက်တင်းခြင်း၊ အင်အားကုန်ခန်းခြင်း၊ အိပ်မပျော်ခြင်း၊ တစ်ခါတစ်ရံ ဝမ်းသက်ရာတွင် အချဲသာမက သွေးပါတတ်ခြင်း (တချို့တွင် ပန်းရောင်ဝမ်းသက်ခြင်း) တို့သည် ဝမ်းကိုက်ရောဂါလက္ခဏာများဖြစ်သည်။ နိစ္စဓူဝတွင် သန့်ရှင်းစွာပြုမူနေထိုင်စားသောက်ခြင်းသည် ဝမ်းကိုက်ရောဂါမဖြစ်စေရေးအတွက် အကောင်းဆုံးကြိုတင်ကာကွယ်နည်းဖြစ်သည်။

အတူနေမိသားစုဝင်များအတွင်း ရောဂါကူးစက်နိုင်သည့်အတွက် ဝမ်းကိုက်ရောဂါဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပြသ၍ ဝမ်းကိုက်ပိုးသတ်ဆေးသောက်ရမည်။ ဝမ်းကိုက်ရောဂါအတွက် သဘာဝဓာတ်စာများအဖြစ် ဥသျှစ်သီးများများစားပါ။ ကြက်သားကို ကြက်သွန်ဖြူ၊ ချင်းနိုင်နိုင်ထည့်ပြီး ပြုတ်ကြော်ပြုလုပ်စားပါ။ သင်္ဘောရွက်နုနှ၊ ထားဝယ်မှိုင်းရွက်၊ ဘောစကိုင်း (အဝေရာရွက်) နုနုတို့ကို ရေနွေးဖြော်၍ တို့စားပါ သို့မဟုတ် ယင်းအရွက်နုများကို ကြက်သွန်ဖြူ၊ နှမ်းလှော်တို့ဖြင့် သုပ်စားပါ။ ဒိန်ချဉ်နှင့် အဆီထုတ်ထားသောနွားနို့သောက်ပါ။ ဆန်ပြုတ်သောက်ပါ။ ဓာတ်ဆားရည်သောက်ပါ။

အချုပ်အားဖြင့်ဆိုရသော် မိုးရာသီတွင် ဖြစ်တတ်သောရောဂါများမှာ လွန်စွာများပြားလှသည်။ အထက်ပါရောဂါများအပြင် အစာအဆိပ်သင့်ခြင်း၊ အူရောင်နာဖျား (တိုက်ဖွိုက်)၊ အအေးမိပြီးနောက် လေဖြတ်လေငန်း စသည်တို့လည်းဖြစ်တတ်သည်။ ရောဂါဖြစ်လာမှကုသခြင်းထက် မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးကုသနည်းဖြစ်သည်။ သို့ပါ၍ မိမိနှင့် မိသားစု၊ မိမိပတ်ဝန်းကျင်မှသည် လူထုအားလုံး ကျန်းမာရေးအသိအမြင်ဖြင့် သတိရှိစွာနေထိုင်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

◆ ကျေးဝိုးမှအဆက်

လုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် ကလေးဝ-မုံရွာသို့ဖြတ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အထိ ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဇွန်လ ၂ ရက်နေ့မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းပိုင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေးဝ- ယာကြီး- မုံရွာလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၃ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့အားလည်းကောင်း၊ ဇွန်လ ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအားလည်းကောင်း၊ ဇွန်လ ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၉ ရက်တွင် ဝင်းကုန်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၁ ရက်တွင် ညောင်ပင်လယ်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၃ ရက်တွင် ယာကြီးကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၅ ရက်တွင် ကွမ်းပင်ရေနှင့် ဇွန်လ ၁၈ ရက်တွင်လာပို့ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၁ ရက်တွင် စစ်လင်းချောင်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၂ ရက်တွင် ထုံးကြီးကျေးရွာအားလည်းကောင်းအဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန်လ ၂၃ ရက်တွင် ကျော်ကျေးရွာသို့ရောက်ရှိကာ ဒေသခံလုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ လာပို့ကျေးရွာနှင့် ကျော်ကျေးရွာအကြားရှိလမ်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာထောင်ထားသည့် မိုင်းများအား ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၁ ရက်တွင် မြေနီကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၂ ရက်တွင် စည်ပင်သာကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၃ ရက်တွင် မိုင်တစ်ရာတဲစုကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၆ ရက်တွင် သဲကြမ်းတဲစုကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင်လ ၇ ရက် ယနေ့ညနေပိုင်းတွင် ကလေးဝရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကလေးဝ- ကလေး-ဖလမ်း- ဟားခါး-ထန်တလန်သို့လည်းကောင်း၊ ကလေးဝ-ကလေး-တီးတိန်-တွန်းဇံ-ကျိုင်းသို့လည်းကောင်း၊ ကလေးဝ-မုံရွာ-မြင်းမူ-စစ်ကိုင်း-မန္တလေးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိပြန်လည်အသုံးပြုသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။


ယနေ့တွင် ကလေးဝမြို့သို့ ရောက်ရှိလာသည့် တပ်မတော်စစ်ကြောင်းများအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအနေဖြင့် ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် မုံရွာ-မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက်ပေးသောကြောင့် ကုန်စည်စီးဆင်းရန်အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အဆိုပါဒေသရှိကျေးရွာများအတွင်း ဒေသခံပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ကာ စခန်းချဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ကိုင်ကာ ဆက်သွယ်ရေးလမ်းကြောင်းကိုဖြတ်တောက်ပိတ်ဆို့ခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုမရှိတော့သောကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရန်အခက်အခဲများကို ရင်ဆိုင်နေရသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အချိန်တိုအတွင်း ကုန်စည်များ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ခြင်းများမရှိတော့သောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

ထို့ပြင်အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေသော ကုန်တင်ကားများ၊ ခရီးသွားမော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်၏ အဖိုးတန်မြေပေါ်မြေအောက်သယံဇာတများ၊ သစ်များကို တရားဥပဒေမဲ့ ခိုးထုတ်ခြင်း၊ နိုင်ငံတော်မှ ကန့်သတ်ထားသည့်ကုန်စည်များကိုလည်း ငင်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်သယ်ယူပို့ဆောင်ခြင်းများပြုလုပ်ကာ ယာယီထိန်းချုပ်ပိတ်ဆို့ထားသည့်အတွက် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများများစွာဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုအနေဖြင့် လုံခြုံအေးချမ်းမှုမရှိဘဲ စိုးရိမ်ကြောက်လန့်မှုကြီးစွာဖြင့် နေထိုင်ခဲ့ကြရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထိုကဲ့သို့ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများအတွက် အရေးပါလှသည့် ကလေးဝ-ယာကြီး- မုံရွာလမ်းကြောင်းအား အလုံးစုံအပြည့်အဝပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသတွင်းကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့ကာ အဆိုပါလမ်းကြောင်းကို မှီခိုအားထားနေရသော နယ်မြေဒေသများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အပြင် ကလေး-မုံရွာလမ်းခရီးကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများအနေဖြင့် လုံခြုံအေးချမ်းသည့်ဘဝများကို ပြန်လည်ပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည့်အပြင် ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်တော့မည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးကဏ္ဍ၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ပြန်လည်ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်နှင့် ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထောင်ထားသည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းပိုင်းအတွင်း အကြမ်းဖက်များဖျက်ဆီးခဲ့သည့် လမ်း၊ တံတားနေရာများအားလည်း ပုံမှန်အတိုင်းပြန်လည်အသုံးပြုသွားလာနိုင်ရေးလိုအပ်သည့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမမောင်းမြို့၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲကျင်းပ

ကမမောင်း ဇူလိုင် ၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအား ပိုမိုမြှင့်တင်နိုင်ရန်နှင့် အခြေခံကျန်းမာရေးအသိပညာများအား ပြည်သူများလက်ဝယ်သို့ အရောက်ပို့ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ လူထုကျန်းမာရေးလုပ်သား(အကျဉ်းချုံး) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဖာပွန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ရေးဦးစွာ ဖာပွန်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစည်သူဖြိုးက အဖွင့်အမှာစကား ပြောကြားပြီး PUI အဖွဲ့မှ စီမံချက်မန်နေဂျာ ဒေါက်တာပြည့်ဖြိုးအောင်က သင်တန်းအမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မိမိတို့ဒေသတွင်းရှိပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက် လူထုကျန်းမာရေးလုပ်သားများ၏ အခန်းကဏ္ဍသည်အလွန်အရေးပါကြောင်း၊ ယခုသင်တန်းသည် အချိန်တိုအတွင်း ထိရောက်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုနည်းလမ်းများအား စနစ်တကျလေ့လာခွင့်ရမည့်သင်တန်းဖြစ်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့ဒေသတွင်း ကျန်းမာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပြန်လည် အသုံးချကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ရှစ်ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၆ ရက်မှ ၁၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)





ချောက်မြို့နယ်၊ ပွင့်လင်းကျေးရွာအတွင်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှုကိုတွေ့ရစဉ်။

ဝ ချောက်မြို့နယ်မှ

အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများအားပိတ်ထားရန် ခြိမ်းခြောက်ခြင်းနှင့် စာသင်ကျောင်းများအား ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆရာ၊ ဆရာမများကိုလည်းသစ္စာမဲ့ဝန်ထမ်း Disloyality Civil Servant(DCS) လုပ်ရန် လက်နက်အားကိုးဖြင့် အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ စာသင်ကျောင်းများ၌ ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်းများကြောင့် ကျေးရွာအချို့မှကျောင်းများ ဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ စာသင်ကျောင်းများအား ယာယီပိတ်ထားခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism-Operation) များဖြင့် ဇွန်လ ၂၁ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ခဲယမ်းနှင့်အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှပြည်သူလူထုနေအိမ်များနှင့် စာသင်ကျောင်းများ၌ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများတူး၍ ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်လျက်ရှိခြင်းများကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို **စာမျက်နှာ ၂၉ သို့ ဝ**



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ ပွင့်လင်းကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကိုတွေ့ရစဉ်။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ မြေပဒုံကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကိုတွေ့ရစဉ်။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ တောင်သာကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကိုတွေ့ရစဉ်။







PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ လေးပင်ကုန်းကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကိုတွေ့ရစဉ်။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ ဆူးတောကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကိုတွေ့ရစဉ်။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ ဝင်ရောက်နေထိုင်မှုကိုတွေ့ရစဉ်။

ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးပွဲတော်ကျင်းပ



လွှင်ကော် ဇူလိုင် ၇

စာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် လွှင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုရေးရာဝန်ကြီးတို့က ပွဲတော်ကိုဖွင့်လှစ်ပေးပြီး ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့၏ ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် စာဖတ်ရှုနိုန်မြှင့်တင်ရေးပွဲတော် ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲများနှင့် စာအုပ်စာစောင်ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကို အမြန်ဆုံးဖယ်ရှားရှင်းလင်း၍ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် အဆိုပါဒေသ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဂ စာမျက်နှာ ၂၈ မှအဆက်

တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကျူးလွန်ခြင်းပင်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့်လည်း အဆိုပါလုပ်ရပ်များအပေါ် ရှုရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများက



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ ဝက်ပါကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားမှုကို တွေ့ရစဉ်။






PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်၊ ညောင်ချောင်းကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ ဝင်ရောက်နေထိုင်မှုကို တွေ့ရစဉ်။









PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြုကာ မိုင်းများထောင်ထားမှုကိုတွေ့ရစဉ်။

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဧလွန်မြို့နယ်၊ သာခုချောင်းကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ)ဆုံကုန်းကျောင်း Grade-12 မှ မောင်ကြယ်စင်လင်းနှင့် Grade-7 မှ စောနေဇင်လင်းတို့၏မိခင်အမည်မှန်မှာ ခေါ်ဝင်းမော် ၁၄/ဧလန(နိုင်)၁၂၀၈၄ဖြစ်ပါကြောင်း။ **ခေါ်ဝင်းမော်**

ပျောက်ဆုံးကြောင်း

သန်းသန်းဌေး(ဘ)ဦးရွှေနုန်းတင် ၁၀/သဖရ(နိုင်)၀၈၂၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၆၂၅၁

ပျောက်ဆုံးကြောင်း

ပေါ်ထွန်းကျော်(ဘ)ဦးခင်မောင်စိုး ၁၂/အလန(နိုင်)၀၃၆၀၉၃ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၄၂၄၄၀၂

ပျောက်ဆုံးကြောင်း

ဇော်သန်း(ဘ)ဦးဘသန်း ၁၂/မရက(နိုင်)၀၆၁၄၀၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၇၇၄၀၇

ပျောက်ဆုံးကြောင်း

ခိုင်လင်းဦး(ဘ)ဦးသန်းဟိန်း ၆/ကသန(နိုင်)၁၀၂၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

အောင်လင်း(ဘ)ဦးခင်မောင်လေး ၁၂/စခန(နိုင်)၀၄၇၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၀၉၅၇

ပျောက်ဆုံးကြောင်း

လဲ့လဲ့ဌေး(ဘ)ဦးအုန်းသွင် ၁၄/မမန(နိုင်)၃၀၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၆၈၀၂၃၈

ပျောက်ဆုံးကြောင်း

သူဇာအောင်(ဘ)ဦးအောင်မြင့် ဂ/အဖန(နိုင်)၀၈၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၈၈၈၅၆၈

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပျောက်ဆုံးကြောင်း

အောင်ပိုင်ဟိန်း(ဘ)ဦးဇော်နိုင်ဦး ၁၄/မအပ(နိုင်)၃၄၄၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ရှုမ်းကုလား(ခ)လေးနိုင်(ဘ)ဦးဂျွန်း ၁/ဗမန(နိုင်)၀၄၃၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၁၂၉၃၃

ပျောက်ဆုံးကြောင်း

အောင်သူရဇော်(ဘ)ဦးဇော်လင်း ၁၂/ကခက(နိုင်)၁၁၀၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ပန်းအိဖြူ(ဘ)ဦးဝင်းနိုင် ဂ/အတန(နိုင်)၁၄၀၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၀၆၅၃၃၈၅

ပျောက်ဆုံးကြောင်း

အိအိမွန်(ဘ)ဦးအောင်ဌေး ၉/တသန(နိုင်)၂၃၀၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၇၀၇၁၂၇

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆–၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ (၂)နေရာနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရုံးဌာန(၃)နေရာ စုစုပေါင်း ရုံးဌာန/သိုလှောင်ရုံ(၅)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် – Tender.6.Security(3rd)(2026–2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၇-၇-၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၂၀-၇-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ဖခင်အမည်မှန်

နေပြည်တော်၊ အ.လ.က(ရွာတော်) Grade-7 မှ မန်နေဒီဇာ်၏ဖခင်အမည်မှန်မှာ ဦးကျော်ဇင်မင်းသူ ၁၄/ကလန(နိုင်)၀၈၁၂၈၉ ဖြစ်ပါကြောင်း။

ဦးကျော်ဇင်မင်းသူ

အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်း၊ အ.ထ.က(ခွဲ) Grade-6 မှ အဘ ဦးကျော်အောင် ၁၃/ကလန(နိုင်)၀၇၂၃၈၉ ၏သမီး မစုနှင်း၀တီအား မစုနှင်းရတီဟုပြောင်းလဲခေါ်ဆိုပါရန်။

မစုနှင်းရတီ

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အ.ထ.က(၄) Grade-8 တွင် ပညာသင်ကြားနေသော မခင်ပပ၏ဖခင် အမည်မှန်မှာ ဦးတင်မောင်၀င်း ၅/ခတန(နိုင်)၀၂၃၃၇ ဖြစ်ပါကြောင်း။

ဦးတင်မောင်၀င်း

မိခင်အမည်မှန်

ဇရာ၀တီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဆုံကုန်းကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ)ဆုံကုန်းကျောင်း Grade-12 မှ မဒေဝီကျော်ကျော်မွန်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမွန် ၁၄/ဇလန(နိုင်)၁၁၆၃၁ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးမွန်**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့နယ်၊ မြေဖြူကျင်းကျေးရွာနေ အဘ ဦးမြင့်မောင်၏ သမီး မအိရွှေဇင်၀င်း၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မအိရွှေစင်၀င်းဖြစ်ပါကြောင်း။

မအိရွှေစင်၀င်း

မွေးသက္ကရာဇ်အမှန်

အထက(၂)ပုသိမ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ ဦးမောင်မောင်တာ၏ သား မောင်စွမ်းရည်မောင်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၂၀၀၉ ဖြစ်ပါကြောင်း။

၁၆-၇-၂၀၀၉

ဖခင်အမည်မှန်

အထက(၇)ပုသိမ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ Grade-9 မှ မမိုးစန္ဒာ၏ဖခင် ဦးအောင်ငြိမ်း၏အမည်မှန်မှာ ဦးအောင်ညိန်း ၁၄/ပသရ(နိုင်)၀၂၀၇၆၅ ဖြစ်ပါကြောင်း။

ဦးအောင်ညိန်း

ပြောက်ဆုံးကြောင်း

ဇင်မာန္တယ်(ဘ)ဦးသိန်းအေး ၁၄/ဟသတ (နိုင်း)၂၅၁၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၁၁၂၅

ပြောက်ဆုံးကြောင်း

ဝိုင်ဇေဖိုး(ဘ)ဦးဖိုးနိုင် ၁၁/တကန(နိုင်) ၁၁၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပြောက်ဆုံးကြောင်း

အောင်မြတ်ကျော်သူ(ဘ)ဦးညွန့်မောင် ၉/ကပတ(နိုင်)၁၄၂၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်

အထက(၂)ပုသိမ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ Grade-7 မှ မသော်တာဆွေ၏ဖခင် ဦးထွန်းထွန်း၀င်း၏အမည်မှန်မှာ ဦးအေးစိုး ၁၄/အဂပ(နိုင်)၁၈၇၂၉၆ ဖြစ်ပါကြောင်း။

ဦးအေးစိုး

ကန့်ကွက်နိုင်ပါသည်

SHWE KAUNG HEIN INTERNATIONAL SERVICE CO.,LTD. အား ဦးသက်ဝေစိုး (၁၂/ဥကတ(နိုင်)၁၃၅၁၄၈)မှ Managing Director အဖြစ် တာ၀နထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဦးသက်ဝေစိုးမှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်သန္တာလွင် (ခ)ဒေါ်ခင်မျိုးအောင် (၁၂/ဒဂန(နိုင်)၀၀၁၁၇)မှ Managing Director အဖြစ် တာ၀နယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်သန္တာလွင် (ခ)ဒေါ်ခင်မျိုးအောင်မှ SHWE KAUNG HEIN INTERNATIONAL SERVICE CO.,LTD. ၏ Managing Director အဖြစ် တာ၀နထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

SHWE KAUNG HEIN INTERNATIONAL SERVICE CO.,LTD.
ဖုန်း-၀၉-၄၄၈၅၄၀၈၇

ပျောက်ဆုံးကြောင်း

သဃ်နိုးကျွန်းမြို့နယ်၊ က-ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၄၃)နေ မောင်မောင်လှိုင်(ဘ) ဦးရာမာကရစ်နားဒ၂/သဃက(နိုင်)၁၇၇၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၃၇၈၉၇

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.မ.က(လွန်)ကျွန်းချောင်း၊ Grade-5 မှ မောင်ပြည့်စုံအောင်နှင့် အ.ထ.က ဇီးကုန်းကြီး၊ Grade-7 မှ မောင်ဇွဲဝဿန်တို့၏ဖခင်အမည်မှန်မှာ ဦးဆန်း ၇/ညလပ(နိုင်)၂၀၃၅၅၇ ဖြစ်ပါကြောင်း။

ဦးဆန်း

ပျောက်ဆုံးကြောင်း

မြ၀တီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ၀ါးတောလမ်းနေ နွယ်နွယ်ခိုင်(ဘ) ဦးခင်မောင်ချေ ၃/မ၀တ(နိုင်)၁၁၅၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၆၂၀၁၄၄၅၅**

ပျောက်ဆုံးကြောင်း

မြ၀တီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မနေ့ာ်ဟရီလမ်းနေ ရဲထက်အောင်(ဘ) ဦးညီအောင် ၃/မ၀တ(နိုင်)၀၄၅၅၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၄၅၃၀၀**

ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့၊ ရေကျော်တိုးကျေးရွာအုပ်စုနေ စောနေတာဂေး(ဘ)ဦးဒေါနယ် ၁၄/ဘကလ(နိုင်)၂၄၃၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၁၁၉၃၆၄

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်း မြို့နယ်၊ ရွှမ်းတဲကြီးရွာနေ သူဇာဝင်း (ဘ)ဦးခင်ဝင်း ၁၂/ဒဂရ(နိုင်)၀၁၂၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

မွေးသက္ကရာဇ်အမှန်

အထက(၇)ပုသိမ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ ဦးမျိုးမြင့်ဇော် ၁၄/ငပတ(နိုင်)၁၆၁၆၉၂ ၏သမီး မအိသဇင်မျိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၂-၂၀၀၈ ဖြစ်ပါကြောင်း။ **၂၈-၁၂-၂၀၀၈**

ပျောက်ဆုံးကြောင်း

ယမင်းကိုကို(ဘ)ဦးမောင်ကို ၁၂/ကခက (နိုင်)၁၁၆၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD 491114)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က(ဘုရားကြီး) ကျောင်း၊ Grade-4(B)မှ အဘ ဦးစောသာဝါး ၏သား Lဖုန်းမြတ်အား မောင်အောင်သုတ မောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်သုတမောင်

ပျောက်ဆုံးကြောင်း

သော်ဇင်ဖြိုး(ဘ)ဦး၀င်းလွင် ၉/တကန(နိုင်) ၂၃၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၃၁၁၉၈၈

ပျောက်ဆုံးကြောင်း

ခင်သန္တာထွန်း(ဘ)ဦးထွန်းတင် ၆/မမန(နိုင်)၁၂၁၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေး၀န်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါကို မြန်မာကျပ်ငွေဖြင့် ခေါ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရယူရမည့်နေရာ	– ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့(ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	– ၈-၇-၂၀၂၆ မှ ၂၂-၇-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း)
တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့် နောက်ဆုံးရက်	– ၂၃-၇-၂၀၂၆ (ကြာသပတေးနေ့)(၁၆:၀၀) နာရီအထိ(ရုံးချိန်အတွင်း)
တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နေရာ	– ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့(ရုံးချိန်အတွင်း)
တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်၊ နေရာ	– ထပ်မံအသိပေးအကြောင်းကြားသွားပါမည်

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း ၀၇၁-၂၀၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်၀ယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ဘီလပ်မြေ/ကတ္တရာ/သံချောင်းလုံး/Beam	၁၀၄၂၉၃ အိတ်/ ၅၀၀ တန်/ ၁၅၀ တန်/၁၁၄ တန်
(ခ)	Amphibious စက်အရန်ပစ္စည်းများ/ဓာတ်ခွဲခန်း သုံးပစ္စည်း	3 Lot/ 2 Lot
(ဂ)	Butterfly Valve/Water Meter/Smart Meter	၁လုံး/၁၀လုံး/၁၇လုံး
(ဃ)	Centrifugal/Submersible Motor & Pump/ ပိုးကာအင်္ဂျီ	1 Lot/ 1 Lot/ ၁၀၀၀ ထည်
(င)	မြစ်ကျောက်စရစ်/မြစ်သဲကြမ်း/ လိပ်သဲကျောက်(၂)မျိုး	၃၈၂၅၀ ကျင်း/၂၂၁၅၀ ကျင်း/ ၇၀၇.၆၈ ကျင်း
(စ)	Workshop Tools (၅)မျိုး	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၇-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၁-၇-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်း၀ယ်ယူရေးဌာနခွဲတွင်၀ယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၀၈၈၇၃၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်း၀ယ်ယူရေးတင်ဒါကော်မတီ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရိုးမရိပ်သာအိမ်ရာ(၁၂)ခန်းတွဲ(၄)ထပ်၊ တိုက်အမှတ်(၃၇)၊ အခန်းအမှတ်(၃၀၁)အား အမည်ပေါက် ဒေါ်ပြည့်ရတီဦး ၉/ပဗသ(နိုင်)၀၁၁၆၃၄ ထံမှ၀ယ်ယူပိုင်ဆိုင်ပြီး ဆက်စပ်စာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဟုဝန်ခံပြောဆိုလာသူ ဒေါ်ဆွေဆွေမြင့် ၈/ရနခ(နိုင်)၀၉၂၈၇၄ ထံမှ ဒေါ်စန္ဒာထွန်း ၁၂/ဗဟန(နိုင်)၀၇၉၁၈၄ က အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ တစ်စုံတစ်ရာကန့်ကွက်ရန်အကြောင်းရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်စန္ဒာထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၄၇၂
၀၉-၄၂၄၄၈၅၉၉၉
အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မတည်ရင်းနှီးငွေလျှော့ချခြင်း

S Family Company Limited မှ မတည်ရင်းနှီးငွေရင်းကျပ်(၆၀,၀၀၀,၀၀၀)မှ အစုရှယ်ယာတစ်စုလျှင် တစ်သိန်းကျပ်ဖြင့် စုစုပေါင်းအစုရှယ်ယာ(၁၀၀၀)စုဖြင့် မတည်ရင်းနှီးငွေကျပ်(၁၀,၀၀၀,၀၀၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

S Family Company Limited

ပျောက်ဆုံးကြောင်း

မျိုး၀င်းကို(ဘ)ဦးသိန်းဦး ၇/ကပက(နိုင်း)၁၀၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၁၈၄၄၇၈၉၇**



ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA
CABLE & WIRE

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၈၁၁၆၁၀၀

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .



'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

DAGON
ဒဂုံ
MALTA FRESH

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၁၄၇၁၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၉၆၈၉၊ ၀၉-၆၉၈၃၅၅၀၃၀

AVAILABLE SERVICES
- Inland Container Depot
- Warehouse Service
- Customs Freight Station Service
- Trucking Service
- Logistic Service
- Multi-modal Transportation Services



lpm
LANN PYI MARINE
COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၇-၂၀၂၆

ခန္ဓီး	၅	ဒသမ	၈၃	လက်မ	နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်)	၁	ဒသမ	၉၇	လက်မ
ပူတာအို	၃	ဒသမ	၄၇	လက်မ					
နေပြည်တော် (ဓေယျာသီရိမြို့နယ်)	၂	ဒသမ	၅၆	လက်မ	စစ်တွေ	၁	ဒသမ	၉၃	လက်မ
					နေပြည်တော် (ဥတ္တရသီရိမြို့နယ်)	၁	ဒသမ	၈၉	လက်မ
လှိုင်းဘွဲ့ (ရွှေဥုန်း)	၂	ဒသမ	၃၀	လက်မ					
					ပျဉ်းမနား (ဝဲကြီး)	၁	ဒသမ	၅၄	လက်မ
လယ်ဝေး	၂	ဒသမ	၀၉	လက်မ					

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ကျင်းပ

အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး

နေပြည်တော် ၈ လိုင် ၇

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆင်ခြင်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ↻



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ကျင်းပစဉ်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားကိုးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

စာ - ၂၅ သို့

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ

၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ရလဒ်များ

ပေါ်တူဂီ	၀ - ၁	စပိန်
အမေရိကန်	၁ - ၄	ဘယ်လ်ဂျီယံ
အာဂျင်တီးနား	၃ - ၂	အီဂျစ်

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး၀-ယာကြီး-မုံရွာသို့ဆက်သွယ်ထားသည့်လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်ဖြစ်



ကလေး၀မြို့သို့ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နေပြည်တော် ၈ လိုင် ၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီးအဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ဒေသများတွင် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပြန်လည်ချောမွေ့လာစေရန်နှင့်ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မြို့/ရွာများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ၊ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများအားပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ဒေသတွင်းနေထိုင်ကြသည့်ပြည်သူလူထု၏လှုမှုစီးပွားဘဝများ စာမျက်နှာ ၂၇ ကော်လံ ၁ ◆

တပ်မတော်စစ်ကြောင်းများက မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိကျေးရွာများမှ စာသင်ကျောင်းများအား စစ်စခန်းအဖြစ်အသုံးပြုနေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်း



ချောက်မြို့နယ်၊ ပွင့်လင်းကျေးရွာရှိ စာသင်ကျောင်းအတွင်းမှ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ၈ လိုင် ၇

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများ ပိုမိုလျင်မြန် မြန်ဆန်စွာလုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးနှင့်ပတ်သက်၍ အလေးထားအားပေးဆောင်ရွက်လျက်ရှိသော်လည်း PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ကိုယ်ကျိုးအတွက်သာရှေးရှု၍ ကလေးငယ်များအား အမှား၊ အမှန်၊ အကောင်း၊ အဆိုးများကို ဝေဖန်ပိုင်းခြားတတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများကို သင်ကြားပြသပေးလျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့နယ်၊ ကျေးရွာများမှ ဆရာ၊ ဆရာမများအား သစ္စာမဲ့ဝန်ထမ်း Disloyality Civil Servant(DCS) လုပ်ရန် လက်နက်အားကိုးဖြင့် စာမျက်နှာ ၂၈ ကော်လံ ၃ ○

မြန်မာယူ-၂၀ အမျိုးသားဘောလုံးအသင်း တရုတ်ဟောင်ကောင်အသင်းကို ခြေစမ်းပွဲတွင် ထပ်မံအနိုင်ရရှိ



ရန်ကုန် ၈ လိုင် ၇

2027 AFC U-20 Asian Cup Development (အုပ်စု-K)ပြိုင်ပွဲအကြိုအဖြစ် မြန်မာ ယူ-၂၀ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် ယူ-၂၀ အမျိုးသားအသင်းတို့၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားကြရာ မြန်မာ ယူ-၂၀ အမျိုးသားအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ●